# အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT)
# အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

## ရန်ကုန်မြို့ပြနှင့် အနီးတဝိုက်ရှိ ပြည်တွင်းရွှေ့ပြောင်းသွားလာသူများ လုပ်အား ခေါင်းပုံဖြတ်ခြင်း နှင့် ၎င်းတို့၏ အားနည်းနေသည့် ကျန်းမာရေး နှင့် အာဟာရ ဆိုင်ရာ အကျိုးရလဒ်များ ထိခိုက်လွယ်မှုကိုလျှော့ချခြင်း

| | |
|---|---|
| ရည်ညွှန်းအမှတ်။ | CfP/LIFT/2019/1/Urban |
| ထုတ်ပြန်သည့်ရက်စွဲ။ | ၂၅ ဖေဖော်ဝါရီ ၂၀၁၉ |
| နောက်ဆုံးရက်။ | ၂၀၁၉ ဧပြီလ ၈ ရက် ၁၃း၀၀ နာရီ (မြန်မာ စံတော်ချိန်) |
| **ခေါင်းစဉ်။** | ရန်ကုန်မြို့ပြနှင့် အနီးတဝိုက်ရှိ ပြည်တွင်းရွှေ့ပြောင်းသွားလာသူများအား လုပ်အားဆိုင်ရာ ခေါင်းပုံ ဖြတ်ခြင်း နှင့် ၎င်းတို့၏ အားနည်းနေသည့် ကျန်းမာရေး နှင့် အာဟာရ ဆိုင်ရာ အကျိုးရလဒ်များ ထိခိုက်လွယ်မှုကိုလျှော့ချခြင်း |
| စီမံကိန်း လျာထားအသုံးစရိတ်။ | အမေရိကန်ဒေါ်လာ ၉ သန်း |
| မျှော်မှန်း စတင်ရက်။ | ဇူလိုင် ၂၀၁၉ |
| ကာလ။ | ၃ နှစ် |

### ၁။ နောက်ခံအခြေအနေ

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) သည် မြန်မာနိုင်ငံတွင် ၂၀၁၀ခုနှစ်၌ စတင်တည်ထောင်ခဲ့သော အလှူရှင်အများမှ စုပေါင်းထည့်ဝင်ထားသည့် ရန်ပုံငွေဖြစ်ပြီး စားနပ်ရိက္ခာ မဖူလုံမှုနှင့် ဝင်ငွေနိမ့်ပါးမှုများကို ကိုင်တွယ်ဖြေရှင်းသွားရန် ရည်ရွယ်ထားပါသည်။ LIFT သည် အလှူရှင် ၁၄ ဖွဲ့ထံမှ ရန်ပုံငွေများကို လက်ခံရရှိခဲ့ပြီး အလှူရှင်များမှာ - ယူနိုက်တက်ကင်းဒမ်း၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ ဒိန်းမတ်၊ အမေရိကန် ပြည်ထောင်စု၊ နယ်သာလန်၊ ဆွီဒင်၊ ပြင်သစ်၊ လူဇင်ဘတ်၊ အီတလီ၊ နယူးဇီလန်၊ အိုင်ယာလန် နှင့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းတို့ ဖြစ်ပါသည်။ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)သည် ရန်ပုံငွေများအား စီမံခန့်ခွဲရန်နှင့် ကြီးကြပ်ကွပ်ကဲပေးရန် ရန်ပုံငွေစီမံခန့်ခွဲသူအဖြစ် ဆောင်ရွက်ပါသည်။

LIFT ၏ အဓိကပန်းတိုင်မှာ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးပြီး စားနပ်ရိက္ခာဖူလုံခြင်းမရှိသော လူဦးရေပမာဏအား ရေရှည်လျှော့ချနိုင်ရန် ဖြစ်သည်။ LIFT ၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူများအတွက် ကြံ့ကြံ့ခံနိုင်မှု စွမ်းရည် နှင့် ရေရှည်တည်တံ့မည့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ အားကောင်းလာစေရန် ဖြစ်ပါသည်။ LIFT ၏

ရည်ရွယ်ချက်အဆင့်တွင် ပေါ်ထွက်လာမည့် အကျိုးရလဒ်များမှာ ဝင်ငွေတိုးပွားလာခြင်း၊ ထိခိုက်လွယ်မှု လျော့ကျလာခြင်း၊ အာဟာရပိုမိုပြည့်ဝစွာ စားသုံးနိုင်ခြင်း နှင့် ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် မူဝါဒများ ရေးဆွဲပြဌာန်းနိုင်ခြင်းတို့ ဖြစ်သည်။

LIFT အနေဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအစိုးရ၊ ပုဂ္ဂလိက ကဏ္ဍမှ အသင်းအဖွဲ့များ၊ ပညာရပ်ဆိုင်ရာနှင့် သုတေသန အဖွဲ့အစည်းများ အပါအဝင် အကောင်အထည်ဖော်ဖက် အဖွဲ့အစည်း မျိုးစုံ နှင့် အတူလက်တွဲလျက် လုပ်ငန်းများလုပ်ကိုင်လျက်ရှိပါသည်။ ရန်ပုံငွေကို မြန်မာနိုင်ငံ၏ အဓိက စိုက်ပျိုးစီးပွား ဇုံလေးခု ဖြစ်သည့် - ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ (မန္တလေး၊ မကွေး နှင့် စစ်ကိုင်းတိုင်း ဒေသကြီး တောင်ပိုင်းတို့ အပါအဝင်) မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုံဒေသ နှင့် ချင်း၊ကချင်၊ကယား၊ ကရင်နှင့် ရှမ်း ပြည်နယ် များ နှင့် တန်သာရီ တိုင်းဒေသကြီးအတွင်းမှ တောင်ပေါ်ဒေသများ အတွက် ပံ့ပိုးပေးလျက် ရှိသည်။

လက်ရှိအချိန်အထိဆိုလျှင် LIFT သည် လူဦးရေသန်းပေါင်း ၉.၂ သန်း (သို့) မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူလူထု၏ ၂၆ ရာခိုင်နှုန်းခန့်အထိ ပံ့ပိုးမှုများပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံရှိ မြို့နယ်များအားလုံး၏ သုံးပုံနှစ်ပုံကျော်တွင် စီမံကိန်းများ အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

LIFT ရန်ပုံငွေစီမံခန့်ခွဲမှုရုံး နှင့် ရန်ပုံငွေ ဘုတ်အဖွဲ့သည် ၂၀၁၉-၂၀၂၃ အတွက် ပြန်လည်ပြင်ဆင်ထားသည့် မဟာဗျူဟာ ကို ရေးဆွဲခဲ့ပါသည်။ ယင်းမဟာဗျူဟာ၏ အဓိကဦးတည်ချက်မှာ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ အသွင်ကူးပြောင်းမှုတွင် 'မည်သူတစ်ဦးတစ်ယောက်မျှ ကျန်မနေခဲ့စေရေး' ဖြစ်ပြီး အားလုံးပါဝင်နိုင်မှု နှင့် လူမှုဝန်းကျင် သဟဇာတ ဖြစ်ရေးတို့အား ပိုမိုအလေးပေးဆောင်ရွက်ရေး၊ ကျားမရေးရာတန်းတူညီမျှရေး နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေး တို့အတွက် တစိုက်မတ်မတ် ဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရေး၊ တိုင်းရင်းသား/နယ်စပ် ပြည်နယ်များ နှင့် ပဋိပက္ခ ထိခိုက်ခံစားရသည့်ဒေသများသို့ တိုးချဲ့ပြီး ပံ့ပိုးမှုများရောက်ရှိစေရန် အလေးထားဆောင်ရွက်ရေး၊ နေရပ်စွန့်ခွာရသူများနှင့် နေရပ် ပြန်လာသူများ အား LIFT ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် ပါဝင်လာစေရေး ကြိုးပမ်းမှုများကို တိုးမြှင့်ရေး၊ မြို့ပြနှင့် မြို့ပြအနီးတစ်ဝိုက်မှ ဝန်ဆောင်မှုများ လက်လှမ်းမမီသည့် ဒေသများ အတွက် အထောက်အကူ တိုးမြှင့်ပေးနိုင် ရေး၊ ထိုဒေသများတွင် အောင်မြင်အကျိုးရှိနိုင်စေရန် ရည်မှန်းထားသည့်မူဝါဒများနှင့်ပတ်သက်၍ အစိုးရဌာန အဆင့်ဆင့် နှင့် ပိုမို ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် LIFT အနေဖြင့် အကျိုးခံစားခွင့်ရှိသူများ 'ရှေ့သို့တက်လှမ်းနိုင်ရန်'၊ 'ထွက်ခွာနိုင်ရန်' သို့မဟုတ် 'တောင့်ထားရန်' အတွက် အကူအညီပေးနိုင်မည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မဟာဗျူဟာအမျိုးမျိုးကို ဆက်လက်၍ အထောက်အကူ ပေးသွားမည်ဖြစ်သည်-

- မြေယာ၊ လုပ်အားနှင့် စီးပွားဖြစ်နိုင်စွမ်း အလားအလာရှိသည့် အိမ်ထောင် စုများအတွက် လုပ်အားနှင့် မြေယာထုတ်ကုန် မြှင့်တင်ပေးရန် နှင့် ဈေးကွက်သို့တင်ပို့နိုင်သည်အထိ ထုတ်လုပ်နိုင်ရန် အတွက် စွမ်းဆောင်ရည် တိုးမြှင့်ပေးပြီး 'ရှေ့သို့တက်လှမ်းနိုင်ရန်' ပံ့ပိုးမည်ဖြစ်ပါသည်။
- ကျေးလက်ဒေသရှိ အိမ်ထောင်စုများ သို့မဟုတ် တစ်ဦးချင်းအနေဖြင့် စိုက်ပျိုးရေးမှ 'ထွက်ခွာ' နိုင်ပြီး ဒေသတွင်း တွင် လယ်ယာပြင်ပ စီးပွားရေး သို့မဟုတ် အခွင့်အလမ်းများကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် အထောက်အကူပေးမည် ဖြစ်ပါသည်။
- ထိခိုက်လွယ်မှုမြင့်မားသည့် အိမ်ထောင်စုများကို 'တောင့်ထားနိုင်ရန်' နှင့် စိုက်ပျိုးရေးကို ဘေးကင်းလုံခြုံစေမည့် သက်စောင့်ပိုက်ကွန် အဖြစ်အသုံးပြုပြီး အချိန်ကာလတခုရောက်လာသည့်အခါတွင် ထွက်ခွာနိုင်ရန်အတွက် ၎င်းတို့၏စွမ်းဆောင်ရည်ကို တည်ဆောက်နေစဉ် ကာလအတွင်းတွင် စားနပ်ရိက္ခာဖူလုံမှု နှင့် အာဟာရဆိုင်ရာရလဒ်များ တိုးတက်စေရန် ပံ့ပိုးဆောင်ရွက်မည်ဖြစ်ပါသည်။

LIFTအနေဖြင့် အထက်ပါအကျိုးရလဒ်များ အောင်မြင်နိုင်ရန် တီထွင်ဖန်တီးမှု၊ ရှေ့ပြေးဆောင်ရွက်မှုနှင့် အထောက်

အထား အခြေခံသည့် ဆောင်ရွက်မှုများအား ကဏ္ဍ ၄ခုတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါကဏ္ဍ ၄ခုမှာ အာဟာရ၊ ငွေကြေးဆိုင်ရာ အားလုံးပါဝင်နိုင်မှု၊ စိုက်ပျိုးရေး၊ဈေးကွက်နှင့် စားနပ်ရိက္ခာစနစ်များ နှင့် သင့်တင့်လျောက်ပတ်သည့်အလုပ်အကိုင်နှင့် လုပ်သားများရွှေ့ပြောင်း လုပ်ကိုင်မှု တို့ဖြစ်ပါသည်။

အသေးစိတ် ကို www.lift-fund.org တွင် ဖတ်ရှုနိုင်ပါသည်။

## ၂။ အဆိုပြုလွှာ ခေါ်ယူရခြင်း၏ ရည်ရွယ်ချက်

LIFTသည် ဘေးကင်းလုံခြုံသည့် ရွှေပြောင်းသွားလာမှု အခွင့်အလမ်းများတိုးမြှင့်စေရန်အတွက် ရွှေ့ပြောင်း သွားလာမှု အစီအစဉ်အတွက် ရန်ပုံငွေ အမေရိကန် ဒေါ်လာ ၁၇ သန်းကို ၂၀၁၆ခုနှစ်တွင် စတင်ပံ့ပိုးပေးခဲ့သည်။ ဤရန်ပုံငွေ မှ ထောက်ပံ့ပေး ထားသည့် စီမံကိန်း ၇ခုမှာ မြန်မာနိုင်ငံတွင် အကြီးဆုံး ရွှေပြောင်းသွားလာမှု ပံ့ပိုးမှု အစီအစဉ် ဖြစ်သည်။

LIFTသည် ဤပဏာမဆောင်ရွက်မှုပေါ်တွင် မူတည်၍ ရန်ကုန်မြို့ပြနှင့် အနီးတဝိုက်ရှိ ပြည်တွင်းရွှေ့ပြောင်း သွားလာသူများ အပေါ် လုပ်အားခေါင်းပုံဖြတ်ခြင်း နှင့် အားနည်းနေသည့် ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အကျိုးရလဒ်များ ထိခိုက်လွယ်နိုင်ခြေ လျှော့ချရေးစီမံကိန်း ကို အကောင်အထည်ဖော်ရန် အရည်အချင်း ပြည့်ဝသည့် အဖွဲ့အစည်းများ [၁] ထံမှ အဆိုပြုလွှာ များကို ဖိတ်ခေါ်နေပါသည်။ အဆိုပြုထားသည့် ဆောင်ရွက်မှုများအား ၂၀၁၉ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ထက် နောက်မကျစေဘဲ စတင်ရန်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ မတိုင်မီ ပြီးစီးရမည်ဖြစ်သည်။

စီမံကိန်းရလဒ်များ ရေရှည်တည်တံ့စေရေးအတွက် အထောက်အကူဖြစ်စေရန် အဆိုပြုလွှာများ တင်သွင်းရန်၊ တနည်း အားဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် အလုပ်သမား အဖွဲ့အစည်းများ နှင့် မိတ်ဖက်ပြုဆောင်ရွက်ကာ အကောင်အထည်ဖော်ရန် LIFT အနေဖြင့် အလေးအနက် တိုက်တွန်းပါသည်။ ဤရည်ရွယ်ချက်အတွက် ရန်ပုံငွေ အချို့ကို သတ်မှတ်ထားပါသည်။ (အသေးစိတ် အချက်များအတွက် အခန်း ၅ ကို ဆက်လက်ဖတ်ရှုပါ)

## ၂-၁။ အဆိုပြုလွှာ ခေါ်ယူရခြင်း၏ နောက်ခံသမိုင်း

ကမ္ဘာတဝှမ်း နိုင်ငံအများအပြားတွင် မြို့ပြကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် အရေးပါသည်နှင့်အမျှ ခက်ခဲရှုပ်ထွေးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း သက်သေပြပြီးဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ စက်မှု ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများသို့ လုပ်သားများ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် ယင်း ဆက်စပ် လျက်ရှိသော ကျေးလက်မှ မြို့ပြ စီးပွားသို့ ကူးပြောင်းသွားခြင်း မှာ နိုင်ငံအများအပြား၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးအတွက် အရေးပါသည့် မောင်းနှင်အားဖြစ်သည်။[၂] သို့သော်လည်း မြို့ပြကဏ္ဍအနေဖြင့် ၄င်းနှင့်အတူ အသစ် ရောက်လာသည့် ရွှေ့ပြောင်းသူများ နှင့် အတူပေါင်းစည်းနေထိုင်ကြရာတွင် အထူးသဖြင့် ကောင်းမွန်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ သင့်တော်သည့် အာဟာရ အဆင့်အတန်း၊ တန်းဖိုးမျှတသည့် အိမ်ရာ၊ ဘေးကင်းလုံခြုံ၍ သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွှတ်သည့် ပတ်ဝန်းကျင် နှင့် ဝန်ဆောင်မှုများ လက်လှမ်းမီမှု တို့တွင် ကြီးမားသည့် စိန်ခေါ်မှုများ အတူပါလာခဲ့သည်။ ရလဒ်အနေဖြင့် ရွှေ့ပြောင်းလာသူအများအပြားသည့် ခေါင်းပုံဖြတ်ခံရမှု နှင့် အလွန်အားနည်းနေသည့် ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အတွေ့အကြုံများ ခံစားနေကြရသည်။

အချုပ်အားဖြင့် မြန်မာနိုင်ငံတွင် လူဦးရေ အများစုမှာ ကျေးလက်ဒေသများတွင် ဆက်လက်နေထိုင်ဆဲ ရှိကြပါသည်။ [၃] သို့သော်လည်း ပြည်တွင်း ရွှေ့ပြောင်းသူများသည် ရန်ကုန်နှင့် မန္တလေးကဲ့သို့ မြို့ကြီးများတွင် အခွင့်အလမ်းအသစ်များ ရှာဖွေရန်အတွက် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ရာ ဒေသများကို စွန့်ခွာလျက်ရှိကြသဖြင့် ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့မှုများမှာ ဆက်လက်တိုးပွားလာလျက်ရှိသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ စုစုပေါင်း လူဦးရေ ၏ ၃၀% နီးပါးမှာ မြို့ပြများတွင် နေထိုင်လျက်ရှိကြပြီး လူဦးရေပျံ့နှံ့ပုံစံများသည် ၂၀၃၀ခုနှစ်တွင် မြန်မာနိုင်ငံရှိ မြို့ကြီးတချို့၌ လူဦးရေ နှစ်ဆတိုးနိုင်ကြောင်း ညွှန်ပြနေပါသည်။[၄]

**အလုပ်အကိုင်**

မြန်မာနိုင်ငံတွင် မြို့ပြ ဒေသများသို့ ပြောင်းရွှေ့မှုဖြစ်ရပ်များမှာ ၁၉၉၀ နှစ်များက လှိုင်သာယာ၊ရွှေပြည်သာ နှင့် ဒဂုံမြို့သစ်များတွင် ပထမဦးဆုံးသော စက်မှုဇုန်များကို စတင် တည်ထောင်ခဲ့သည့်အချိန်မှ စတင်ခဲ့ပါသည်။ အစိုးရ၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေသည့် မူဝါဒကြောင့် ခရီးသွားလာရသည့်အချိန်နှင့် စရိတ်လျော့ကျသွားစေသည့် အတွက် ကျေးလက်မှလူများ မြို့ပြဒေသများသို့ သွားရောက်ပေါင်းစည်းမှု ပိုမိုများပြားလာစေခဲ့သည်။ [၅] ရလဒ်အနေဖြင့် ယနေ့အချိန်တွင် မြန်မာနိုင်ငံရှိ လုပ်အားအသုံးပြု၊ ပို့ကုန်အထူးပြု စက်မှုလုပ်ငန်းအများစုမှာ ဤနေရာများ၌ စုရုံးလာခဲ့သည်။ [၆]

မြို့ပြတွင် အထည်ချုပ်စက်ရုံ ၂၀၀နီးပါး ရှိသဖြင့် ရန်ကုန်သို့လာရောက်သူအများစုမှာ အထည်ချုပ်လုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရန်အတွက် ဖြစ်ကြသည်။[၇] လက်ရှိ မြန်မာနိုင်ငံရှိ အထည်ချုပ်၊အထည်အလိပ်နှင့် ဖိနပ် ကဏ္ဍတွင် ခန့်မှန်းခြေ လုပ်သား ၇၃၈,၀၀၀ ဦးလုပ်ကိုင်လျက်ရှိပြီး အများစုမှာ ရန်ကုန်နှင့် မန္တလေးရှိ စက်မှုဇုန်များတွင် ဖြစ်သည်။ ထို အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်ကိုင်လိုကြသည့် အမျိုးသားများ ပိုမိုများပြားလာသော်လည်း လုပ်သားအများစုမှာ အမျိုးသမီးငယ်များ (၈၃ ရာခိုင်နှုန်း) ဖြစ်သည်။ [၈] လုပ်ငန်းမှာ သိသိသာသာတိုးတက်လျက် ရှိပြီး နောက် ၅ နှစ်မှ ၁၀ နှစ်အတွင်း အလုပ်သမား ၁.၅ သန်းအထိ တိုးပွားလာမည်ဟု ခန့်မှန်းထားသည်။

ဖွံ့ဖြိုးမှု အလားအလာများအား ရေရှည်တည်တံ့စေခြင်း နှင့် ယှဉ်ပြိုင်မှုများ တိုးမြှင့်ခြင်းတို့ကြောင့် စက်ရုံများတွင် ကောင်းမွန်သည့် လုပ်ငန်းခွင်အခြေအနေ၊ ပိုမို ကျွမ်းကျင်သည့် လုပ်သားအင်အား နှင့် ပိုမိုကောင်းမွန်သည့် ခံစားခွင့် စနစ်များ လိုအပ်လာလိမ့်မည်ဖြစ်သည်။ လက်ရှိတွင် လုပ်ငန်း၏ စီးပွားရေး စံပုံစံတခုမှာ အလုပ်ထွက်မည်ကို စိုးရိမ်သဖြင့် လုပ်သားများကို လေ့ကျင့်သင်ကြားပေးမှု နည်းပါးသည့် အဓိကအားဖြင့် လုပ်သားနှင့် ထုတ်လုပ်မှု စရိတ် လျှော့ချသည့် စီးပွားရေး စံပုံစံဖြစ်နေသည်။[၉] တချိန်တည်းမှာပင် အထည်ချုပ်စက်ရုံများတွင် အခြေခံစက်ချုပ်ကျွမ်းကျင်ရန် လိုအပ်သဖြင့် အလုပ်သမားများ အလုပ်အကိုင်ရှာဖွေရန် အတွက် စရိတ်နှင့်အချိန် ထပ်မံလိုအပ်လျက် ရှိပါသည်။ အမျိုးသမီးများနှင့် အမျိုးသားများ အကြား ထင်ရှားသည့် လုပ်ခလစာ ကွာဟချက်အပါအဝင် ကျားမအခြေပြု ခွဲခြားဆက်ဆံခြင်း နှင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်းတို့မှာလည်း ယင်းအထည်ချုပ်လုပ်ငန်း၏ ရေရှည် စိန်ခေါ်မှုများဖြစ်ပါသည်။

မြို့ပြအနီးတဝိုက်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေခြင်းမှာလည်း ဆင်းရဲနွမ်းပါးသည့် ကျေးလက်နေမိသားစုများ အတွက် ကြီးမားသည့် အန္တရာယ်ဖြစ်ပါသည်။ နယ်လှည့်အလုပ်လုပ်ကိုင်သူ အများစုမှာ ပုံမှန်အလုပ်ရှာဖွေရန်ခက်ခဲခြင်း အပါအဝင် အားနည်းနေသည့် လုပ်သားဈေးကွက် အကျိုးရလဒ်များကို ခံစားကြရပြီး နောက်ဆုံးတွင် နေ့စား အလုပ်သမားများဘဝသို့ ရောက်သွားကြသည်။ စက်ရုံတွင်အလုပ်လုပ်ရန် နိုင်ငံသားစိစစ်ရေးကဒ်၊ ရဲစခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် နှင့် ကျေးလက်နေ ရွှေ့ပြောင်းသူများ ရယူရန် ခက်ခဲသည့် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေး ရုံး၏ ထောက်ခံချက်တို့ လိုအပ်သည်။ အများအပြားမှာ မြို့ပြသို့ ပြောင်းရွှေ့ရန် သို့မဟုတ် ဆက်နေရန် နေထိုင်မှုစရိတ်များ ပေးရန်အတွက် ငွေတိုးချေးသူများထံမှ အတိုးနှုန်းကြီးမြင့်စွာဖြင့် ချေးငွေများ ချေးယူသဖြင့် အလုပ်မရှာနိုင်ပါက ကြွေးနွံနစ်သည့်ဘဝသို့ ရောက်ရှိ သွားတော့သည်။ Save the Children မှ ကောက်ယူခဲ့သည့် စစ်တမ်းအရ ထိုဒေသများမှ မိသားစု ၈၅ ရာခိုင်နှုန်းမှာ အနည်းဆုံး တစ်လ လျှင် အတိုးနှုန်း ၂၀ သို့မဟုတ် ၃၀ ရာခိုင်နှုန်း ရှိသည့် ချေးငွေများ ယူခဲ့ကြသည်။ [၁၁]

အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင်ရရှိသည့် အလုပ်သမားများအတွက် လုပ်ငန်းခွင်အခြေအနေများမှာ များသောအားဖြင့် စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိဘဲ ခေါင်းပုံဖြတ်ခံရနိုင်ပါသည်။ လုပ်ခလစာများမှာ အတော်အတန်အားနည်းနေပြီး အလုပ်လုပ်ချိန်များ ကြာမြင့်ကာ ရံဖန်ရံခါ အလွန်အမင်း ကြာမြင့်ပါသည်[၁၂] စက်ရုံများတွင် အလုပ်သမားဥပဒေများကို လိုက်နာ ကျင့်သုံးမှုရှိမရှိ ဝင်ရောက်စစ်ဆေးရန်အတွက် ပြည့်စုံသည့် ကျွမ်းကျင်မှု နှင့် လူ့စွမ်းအားအရင်းအမြစ်များ မရှိခြင်းတို့က အခြေအနေကို ပိုမို ဆိုးရွားစေပါသည်။ ထို့ပြင် အလုပ်သမားအများစုမှာ အလုပ်သမားအခွင့်အရေးကို မသိရှိကြသဖြင့် တရားဥပဒေနှင့်အညီ အနိမ့်ဆုံးလစာ၊ အချိန်ပိုလုပ်ခ၊ နားချိန်နှင့် အားလပ်ခွင့်များ မရရှိခဲ့ပါက မတိုင်တန်းနိုင်ကြပေ။ လွတ်လပ်စွာ အသင်းဖွဲ့ခွင့်မှာလည်း အကန့်အသတ်ရှိနေသဖြင့်

စက်ရုံအလုပ်သမား အနည်းငယ် မျှသာ သမဂ္ဂများအဖြစ် ဖွဲ့စည်း၍ လုပ်ခလစာနှင့် အခြေအနေများ တိုးမြှင့်ပေးရန် ညှိနှိုင်းနိုင်ကြသည်။ သုတေသန ပြချက်တွင် အချို့ စက်ရုံများ တွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် ပြည်တွင်း ရွှေ့ပြောင်းသူ များအကြား အဓမ္မခိုင်းစေသည့် အခြေအနေများကိုတွေ့ရှိ ထားသည်။ [၁၃]

လက်ရှိအချိန်တွင် ရန်ကုန်မြို့ပြနှင့် အနီးတစ်ဝိုက်ဒေသများရှိ လုပ်သားဈေးကွက်နှင့်ပတ်သက်သည့် ပြည့်စုံသည့် အကဲဖြတ် ဆန်းစစ်မှုမျိုး မရှိပါ။ ပြုစုထားသည့် သုတေသနဆန်းစစ်ချက်အရ ပြည်တွင်း ရွှေ့ပြောင်းသူများသည် အထည်ချုပ် ကဏ္ဍအပြင် ကောက်ပဲသီးနှံ လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ရေချိုးခန်းသုံး အသုံးအဆောင် များနှင့် ဆောက်လုပ်ရေး ပစ္စည်းများ အပါအဝင် စက်မှုလက်မှုလုပ်ငန်းများတွင် အများအပြား လုပ်ကိုင်လျက် ရှိကြသည်။ [၁၄] အိမ်အကူလုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေး အလုပ်လုပ်ခြင်း နှင့် ဈေးရောင်းခြင်းစသည်တို့မှာလည်း အလုပ်အကိုင်များ ရှိသော်လည်း အများ အားဖြင့် လုပ်ခနည်းပါးပြီး သမားရိုးကျမဟုတ်သည့် လုပ်ငန်းခွင် အခြေအနေများသာ ရရှိသည်။[၁၅]

လက်ရှိအခြေအနေတွင် ဆုတ်ယုတ်နေသော်လည်း မြန်မာနိုင်ငံတွင်း ဧည့်ဝတ်ကျေပွန်မှုနှင့် ခရီးသွားကဏ္ဍမှာ တိုးတက် လျက်ရှိပြီး ရန်ကုန်သို့ ပြောင်းရွှေ့လာသည့် ပြည်တွင်း ရွှေ့ပြောင်းသူများကြား ကောင်းမွန်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ထပ်မံရရှိစေရန် ဖန်တီးပေးနေပါသည်။ သို့သော်လည်း အလုပ်အကိုင်ရစေနိုင်သည့် အသက်မွေးဝမ်း ကျောင်းပညာသင်ကြားရေး အခွင့်အလမ်းများမရှိခြင်းက အဆိုပါစီးပွားရေးလုပ်ငန်း ကို တိုးချဲ့စေရန် အထောက်အကူ ဖြစ်စေမည့် ကျွမ်းကျင်လုပ်သားများ ရှားပါးမှုကို ဖြစ်ပေါ်စေသည်။[၁၆] ဆောက်လုပ်ရေးကဏ္ဍ တွင်လည်း တရားဝင်ဖြစ်၍ ပိုမို ကောင်းမွန်သည့် အခကြေးငွေဖြင့် အလုပ်အကိုင်ခန့်ထား နိုင်မည့် အလားအလာ များ ကို ဖော်ဆောင်ပေးလျက်ရှိ နေပါသည်။ အကြီးစား မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများ နှင့် မြန်မာနိုင်ငံ ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး စီမံကိန်း ခေါင်းစဉ် အောက်မှ အစိုးရ၏ အခြေခံအဆောက်အဦဖွံ့ဖြိုးရေး ကတိကဝတ်များကြောင့် ယင်းကဏ္ဍ၌ အနာဂတ်တွင် လုပ်သားလိုအပ်ချက် ပိုမိုတိုးမြင့်လာနိုင်ခြေ ရှိပါသည်။ အနိမ့်စား-ကျွမ်းကျင် အလုပ်အကိုင် ခန့်ထားရန် အတွက် ဆောက်လုပ်ရေး လုပ်သား ရှားပါးမှု မရှိသော်လည်း အများစုမှာ စနစ်တကျ လေ့ကျင့်သင်ကြားထားမှု မရှိဘဲ အလွန် နည်းပါး သည့် လုပ်ခလစာများအတွက် အန္တရာယ်များသည့် အလုပ်များကို လုပ်နေကြရပါသည်။ [၁၇]

အမျိုးသမီးများ၊ အမျိုးသားများ နှင့် လိင်ပြောင်း (လိင်ပြောင်းလဲထားသူ) ရွှေ့ပြောင်းသူများသည် အမျိုးမျိုးသော အခြေအနေများထဲတွင် ရန်ကုန်မြို့တွင်းရှိ လိင်ပိုင်းဆိုင်ရာ အလုပ်အကိုင်များတွင် လုပ်ကိုင်နေကြသည်။ သို့သော်လည်း လိင်ပိုင်းဆိုင်ရာ ရောင်းဝယ်မှုကို တင်းကြပ်သည့် ဥပဒေ ပြစ်ဒဏ်များ၏ ပိတ်ပင်တားမြစ်ခြင်းကြောင့် ၎င်းတို့၏ အလုပ်မှာ အလွန် အန္တရာယ်များပြီး ထိခိုက်လွယ်သည့် အခြေအနေများတွင် ရှိနေသည်။ လိင်လုပ်သားအများစုမှာ ရဲများအား စောင့်ရှောက်ခ ပေးနေကြရပြီး ဖမ်းဆီးခြင်း နှင့် နှောင့်ယှက်ခြင်းတို့ကို အစဉ်သဖြင့် စိုးရိမ်ထိတ်လန့်နေကြရသည်ဟု အစီရင်ခံထားသည်။[၁၈] လိင်လုပ်သားများအနေဖြင့် ၎င်းတို့၏ အလုပ်အကိုင်ကို ပြစ်မှုအဖြစ် ရှုမြင်ခြင်းကို စိန်ခေါ်ရန်၊ လိင်မှုအလုပ်ကို အလုပ်အကိုင်တစ်ခု အဖြစ်သတ်မှတ်ရန် နှင့် အလုပ်သမားအခွင့်အရေးများ စောင့်ရှောက်မှုပေးရန် အသိပေးစည်းရုံးများခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်လာကြသည်။ [၁၉] မြန်မာနိုင်ငံတွင် ပြည့်တန်ဆာ နှိမ်နင်းရေး ဥပဒေ ကို ပြင်ဆင်ရန် နှင့် လိင်လုပ်သားများ နှင့် ၎င်းတို့၏ ဖောက်သည်များကို ရာဇဝတ်မှုအဖြစ် တရားစွဲဆိုခြင်းအား ရပ်ဆိုင်း နိုင်ရန် လိင်လုပ်သား အခွင့်အရေး အဖွဲ့အစည်းများက အစိုးရနှင့် အတူ လုပ်ဆောင်လျက်ရှိသည်။

**အာဟာရ**

မြို့ပြအနေအထားတွင် အာဟာရမပြည့်ဝခြင်းမှာ ရွှေ့ပြောင်းသူများအတွက် နောက်ထပ် ကြီးမားသော စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ အစားအသောက်၊အနေအထိုင်၊ အလုပ်အကိုင် နှင် လှုပ်ရှားမှု ပုံသဏ္ဍာန် များ အလျင်အမြန် ပြောင်းလဲခြင်းကြောင့် အာဟာရမပြည့်ဝခြင်း၏ ဝန်ထုပ်ဝန်ပိုးကို နှစ်ဆတိုးစေကာ ကိုယ်အလေးချိန် မပြည့်ခြင်း နှင့် ပုညှက်ခြင်း အပြင် အဝလွန်ခြင်း နှင့် အလွန်ဝခြင်း တို့ကိုပါ ဖြစ်စေပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် ရှိ ဒေသများတွင် အာဟာရ ဆိုင်ရာ အချက်အလက်ရရှိနိုင်မှု ကန့်သတ်ချက်ရှိသော်လည်း လတ်တလော သုံးသပ်ချက်များအရ အထည်ချုပ်ကဏ္ဍတွင် ငယ်ရွယ်သည့် ရွှေ့ပြောင်းအမျိုးသမီးများ နှင့် ၎င်းတို့ထက် ကျယ်ပြန့်သည့် လူမှုအသိုင်းအဝိုင်းများတွင် စားနပ်ရိက္ခာဖူလုံမှု နှင့်အာဟာရပြည့်ဝမှုမှာ အကောင်းဆုံး အဆင့်ထက်

အားနည်းလျက်ရှိနေသည်။ ထိုအခြေအနေသည် မြို့ပြ အနီးတစ်ဝိုက်တွင် နေထိုင်သူများအတွက် ဆိုးရွားသည့် ကျန်းမာရေး ထိခိုက်မှု အန္တရာယ်ဖြစ်နိုင်ခြေ မြင့်မားစေပြီး တစ်ဖန် လူမှုစီးပွားဆိုင်ရာ ဖိစီးမှုများနှင့် ဆိုးရွားသည့် ဆင်းရဲမွဲတေမှု တို့ကြောင့် ၎င်းတို့ ၏ ထိခိုက်လွယ်မှုကို ပိုမို အရှိန်မြင့်စေသည်။

၂၀၁၆ ခုနှစ် တွင် ပြုလုပ်ခဲ့သည့် စစ်တမ်းတွင် အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်သည့် အမျိုးသမီး များ ၏ ၂၆ % မှာ အာဟာရချို့တဲ့နေပြီး ၁၈% မှာ အဝလွန် သို့မဟုတ် အလွန်ဝနေကြသည်။[၂၀] ယင်းစစ်တမ်းက ကောင်းမွန်သည့် အရည်အသွေးရှိသည့် အစားအစာရရှိရန်အတွက် ဖြစ်လေ့ရှိသည့်အကန့်အသတ်အတားအဆီးများမှာ အလုပ်ချိန်ကြာ မြင့်ခြင်းကြောင့် ဈေးမသွားနိုင်ခြင်း၊ အစားအစာ ပြင်ဆင်ရန် အချိန်နည်းပါးခြင်း၊ ချက်ပြုတ်ရန် မီးဖိုချောင်ပစ္စည်းများ မပြည့်စုံခြင်းနှင့် အထူးသဖြင့် အများနှင့် အတူနေထိုင်ရသည့် အဆောင်ပုံစံ နေထိုင်မှု နှင့် အစားအစာ ဝယ်ယူရာတွင် အမျိုးမျိုးရွေးချယ် ဝယ်ယူရန် ငွေကြေးမပြည့်စုံခြင်းတို့ဖြစ်သည်။ အချို့စက်ရုံများ၌ စက်ရုံဝင်းအတွင်းတွင် သွားရည်စာ နှင့် အသင့်စား အစားအစာရောင်းချသူများ ဖိတ်ခေါ် စီစဉ်ပေးထားသော်လည်း စက်ရုံအများစုအနေဖြင့် စားသောက်ဆိုင်ဖွင့်ထားပေးသည့်အခြေအနေမှာ ရှားပါးလှသည်။ ရောင်းချသည့် အစားအသောက် အများစုမှာ အာဟာရတန်ဖိုး ပြည့်ဝမှုနည်းပါးသည့်အပြင် အစားအစာ ဘေးကင်းလုံခြုံမှု နှင့် ကျန်းမာရေးအဆင့်အတန်းမှာ အလွန် နိမ့်ပါးသည်။

အစားအသောက် အမျိုးအမည်စုံအောင်မစားနိုင်ခြင်း၊ အာဟာရဓါတ် ပါဝင်မှု နှင့် အရည်အသွေးနိမ့်ခြင်းတို့မှာ အာဟာရဓါတ် ချို့တဲ့ခြင်း နှင့် ကျန်းမာရေးဆိုင်ရာ အကျိုးရလဒ်များကို ဖြစ်ပေါ်စေသည့် အချက်များဖြစ်သည်။ မြို့ပြနှင့် အနီး တစ်ဝိုက်ဒေသများတွင် လူများပြည့်ကြပ်နေသည့် သန့်စင်ခန်းများ၊ ဆိုးရွားသည့် ရေဆိုးနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ် တို့က တစ်ခါတစ်ရံ ထိုအခြေအနေများကို ပိုမိုဆိုးရွားစေပါသည်။ ဘေးကင်းစိတ်ချရသည့် သောက်ရေရရှိနိုင်မှုမှာလည်း အရေးကြီးသည့် စိုးရိမ်ပူပန်ရမှုတစ်ခုဖြစ်ပြီး ရောင်းချနေသည့် သောက်ရေသန့်ဗူးများ၏ ၇၃%မှာ အီး-ကိုလိုင် ပိုးများ ပါဝင်နေသည်။ [၂၁]

ဆယ်ကျော်သက်အရွယ်နှင့် အမျိုးသမီးများ မျိုးဆက်ပွားနိုင်သည့်အသက်အရွယ်တွင် တွေ့ကြုံရနိုင်ခြေ ရှိသည့် အန္တရာယ်များအား ကြံ့ကြံ့ခံနိုင်စေရန် နှင့် ကောင်းမွန်သည့် ကျန်းမာရေး ရှိစေရန် အထူးသဖြင့် ပြည့်စုံလုံလောက်သည့် စားနပ်ရိက္ခာနှင့် ဘေးကင်းစိတ်ချသည့် အာဟာရရရှိစေခြင်းက မရှိမဖြစ်လိုအပ်သည်။ အမျိုးသား အဟာရ သုတေသန က ဦးဆောင်ပြုလုပ်သည့် ၂၀၁၉ ခုနှစ် စစ်တမ်း၏ ပဏာမ ရလဒ်များအရ အသက် ၁၈-၁၉ နှစ်အရွယ် အထည်ချုပ်စက်ရုံလုပ်သားများ ထက်ဝက်ကျော် စားသုံးသည့် အစားအသောက်များ မှာ အနိမ့်ဆုံး လိုအပ်ချက်များ ပြည့်မီခြင်းမရှိသည်ကို တွေ့ရှိခဲ့သည်။ ထို့အပင် ၃၆%မှာ အစားအစာ အလွန်အမင်း မလုံလောက်မှု ဖြစ်နေပြီး ၁၄% မှာ သွေးအားနည်းသည့် လက္ခဏာများ တွေ့ရှိရသည်။ [၂၂] ထို စစ်တမ်းအရ ယခင်လက စစ်တမ်းကောက်ယူခဲ့သည့် အမျိုးသမီး များ ၏ ၄၆%မှာ ဖျားနာနေပြီး ၁၇%မှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားနေရသည်။ ယင်းတို့၏ ကျန်းမာရေး အကျိုးသက်ရောက်မှများ အပြင် နာမကျန်းဖြစ်သည့်ကာလများတွင် ဝင်ငွေလျော့နည်းမှု၊ အလုပ်အကိုင်အာမခံမရှိမှု/အလုပ်အကိုင်တည်မြဲရန် စိတ်မချရမှု တိုးမြင့်လာခြင်း နှင့် အကြွေးတင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။

မြို့ပြအနီးတစ်ဝိုက်တွင်ရှိသည့် ကလေးများ နှင့် မိခင်များ ၏ ကျန်းမာရေးအတွက် အမျိုးသမီးများ ကိုယ်ဝန်ဆောင်သည့် အရွယ်တွင် အာဟာရ ပြည့်ဝမှုအဆင့်အတန်း အားနည်းနေရခြင်း အခြေအနေက အရေးပါသည့် သက်ရောက်မှုများ ဖြစ်စေနိုင် သည်။ ကိုယ်ဝန်ဆောင်ကာလမတိုင်မီ သို့မဟုတ် ကိုယ်ဝန်ဆောင်ချိန်ကာလအတွင်း အာဟာရဓါတ် ချို့တဲ့သည့် အမျိုး သမီးများမှာ မွေးဖွားချိန်တွင် ပေါင်ချိန်မပြည့်သည့် ကလေးများမွေးဖွားခြင်း၊ ကလေးများ ဖွံ့ဖြိုးမှု နောက်ကျခြင်း၊ ကြီးထွား မှု နှေးကွေးခြင်း နှင့် ကလေးဘဝနှင့် အရွယ်ရောက်ပြီးချိန်တွင် နာတာရှည်ရောဂါများ ဖြစ်ပွားနိုင်သည့် အန္တရာယ် မြင့်မားပါသည်။

ရန်ကုန်မြို့တွင် အသက် ငါးနှစ်အောက်အရွယ် လတ်တလောအာဟာရချို့တဲ့မှု မှာ ၁၂.၅% ရှိနေပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဒုတိယအမြင့်ဆုံး ဖြစ်ပြီး အမျိုးသားအဆင့် ပျမ်းမျှ ရာခိုင်နှုန်းထက် များစွာ ကျော်လွန်နေပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အစားအစာပြည့်ပြည့်ဝဝ စားသုံးမှု မရှိခြင်း(အထူးသဖြင့် ဖြည့်စွက်စာ ကျွေးနေချိန်တွင်) နှင့် မသန့်ရှင်းသည့် နေထိုင်မှု နှင့် ဆင်းရဲမွဲတေမှုတို့ကြောင့် ပိုမိုဆိုးရွားလာစေသည့် မကြာခဏ

အကြိမ်အဖန်များစွာ နာမ ကျန်းဖြစ်မှု များကို ပိုမိုဆိုးရွားလာစေခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုအတွက်အကောင်းဆုံး ဖြစ်စေရန် နှင့် အာဟာရချို့တဲ့မှု အန္တရာယ်ကိုလျော့ကျစေနိုင်ရန်အတွက် ကိုယ်ဝန်ဆောင်သည်မှ ကလေး၏ နှစ်နှစ်ပြည့်မွေးနေ့အထိ ပထမဆုံး ရက် ၁,၀၀၀ အတွင်း အာဟာရပြည့်ဝမှုမှာ အလွန်အရေးကြီးပါသည်။ မိခင် အာဟာရချို့တဲ့ခြင်း၊ မိခင်နို့အပြည့်အဝမတိုက်ကျွေးသည့် အလေ့အထများ နှင့် မလုံလောက်သည့် ဖြည့်စွက်စာ အမျိုးအစားနှင့် ပမာဏများက ဦးနောက်ဖွံ့ဖြိုးမှုကို နှောင့်နှေးစေပြီး၊ စာသင်ကျောင်းတွင် စာလိုက်နိုင်မှု အားနည်းခြင်း နှင့် ဝင်ငွေရရှိရန် အလားအလာကို လျော့နည်းစေပါသည်။

မိခင်နို့တိုက်ကျွေးနေသူများ နှင့် ၎င်းတို့အား ဩဇာသက်ရောက်နိုင်သူ သည် ရံဖန်ရံခါ မိခင်နို့အစားထိုး ရောင်းချသည့် ကုမ္ပဏီများနှင့် အခြားသူများက သင့်လျော်သည့် သတင်းအချက်အလက်များပေးခြင်းဖြင့် အကျိုးအမြတ်များဖော်ထုတ်ကာ ဈေးကွက် အပြင်းအထန် ရှာဖွေရန် အတွက် အသုံးချခြင်းများလည်း ခံရတတ်ပါသည်။ အလုပ်ချိန်ကြာမြင့်ခြင်း၊ ခွဲခြားဆက်ဆံခြင်း နှင့် ငွေကြေး တတ်နိုင်မှု တို့ကြောင့် အရည်အသွေးပြည့်မီသည့် ကျန်းမာရေးဝန်ဆောင်မှုများနှင့် အာဟာရဆိုင်ရာ သတင်းအချက် ရနိုင် ခြင်းတို့မှာ အကန့်အသတ်များရှိနေပါသည်။ ကလေးမီးဖွားပြီးချိန်တွင် လုပ်ငန်းခွင်ပြန်ဝင်ရန် လိုအပ်ချက်၊ မိခင်မှ ပြည့်စုံသည့် စောင့်ရှောက်မှု မရရှိခြင်း နှင့် မိခင်နို့စနစ်တကျတိုက်ကျွေးရန် အကူအညီ အထောက်အပံ့ မရခြင်းတို့ကြောင့် မိခင် အနေဖြင့် မိခင်နို့တိုက်ကျွေးရန် အကြံပြုထားသည့် အလေ့အထများကို လိုက်နာရန် လိုအပ်ချက်များ ရှိနေသေးသည်။

ဝင်ငွေတည်ငြိမ်မှု မရှိခြင်း နှင့် ကောင်းမွန်သည့် အလေ့အထများ လိုက်နာဆောင်ရွက်နိုင်ရန် ပံ့ပိုးမှုများနှင့် ဝန်ဆောင်မှုများ လုံလောက်စွာ လက်လှမ်းမီနိုင်မှုမရှိခြင်းတို့အပြင် ကောင်းမွန်သည့် အာဟာရ၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရည် သန့်ရှင်းမှု ဆိုင်ရာ အလေ့အထများ (သင့်တော်သည့်၊ ဘေးကင်းလုံခြုံမှုရှိသည့် အစားအသောက် နှင့် လက်ဆေးခြင်း) နှင့်ပတ်သက်၍ ဗဟုသုတ မရှိခြင်းတို့မှာ မြို့ပြအနီးတစ်ဝိုက်တွင် အခြေချ နေထိုင်သူများ အလွန်အားနည်းနေသည့် ကျန်းမာရေး နှင့် အာဟာရဆိုင်ရာ အကျိုးရလဒ်များ နှင့် ကြံ့ကြံ့ခံနိုင်စွမ်းရည်ကို ပိုမိုနိမ့်ပါးစေရန် တွန်းအားပေးနေသည့် အရေးကြီးသည့် အချက်များ ဖြစ်ကြသည်။

**အိုးအိမ်ကဏ္ဍ**

မြို့ပြနှင့် အနီးတစ်ဝိုက် ဒေသများတွင် ဘေးကင်းလုံခြုံပြီး ငွေကြေးအရတတ်နိုင်သည့် အိုးအိမ်များ ရနိုင်သည့် အခြေအနေ အခွင့်အလမ်း အနည်းငယ်သာ ရှိပါသည်။ စက်ရုံများတွင် အလုပ်လုပ်နေသူများသည် အဆောင်များ သို့မဟုတ် အလုပ်သမားအိမ်ရာများတွင် စုပေါင်းနေထိုင်လေ့ရှိကြပါသည်။ အခန်းငှားခများမှာ စရိတ်မြင့်မားပြီး အစားအသောက်နှင့် အခြားစရိတ်များက ၎င်းတို့ ဝင်ငွေအများစုကို ကုန်ဆုံးစေပါသည်။ ထို့ကြောင့် စုဆောင်းရန် သို့မဟုတ် မမျှော်မှန်းနိုင်သည့် လူမှုစီးပွားဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ငွေကြေးအနည်းငယ်သာ ကျန်တော့သည်။ သင်တန်းတက်နေဆဲ ရွှေ့ပြောင်းသူများမှာ ပုံမှန်ဝင်ငွေမရှိဘဲ ရန်ကုန်သို့ ပြောင်းရွှေ့ရန်အတွက် ကနဦး ကုန်ကျသည့် စရိတ်များအပြင် အခန်းငှားခများကိုလည်း ကြီးမြင့်စွာပေးနေကြရသည်။ ဤသို့ဖြင့် ဖြေရှင်းရန် ခက်ခဲသည့် အလွန်အမင်း ကြွေးပိခြင်း ပြဿနာများသို့ ဦးတည်နေတော့သည်။

အခြား မြို့ပြအနီးတစ်ဝိုက်တွင် နေထိုင်သူများမှာ ပုဂ္ဂလိက ပိုင်မြေယာများတွင် သို့မဟုတ် အစိုးရပိုင် ပြည်သူပိုင် နေရာများတွင် ကိုယ်ပိုင် အိမ်များတည်ဆောက်ပြီး နေထိုင်ကြသဖြင့် တရားဝင်မဟုတ်သည့် ကျူးကျော် အိမ်ရာ များ ပေါ်ပေါက်လာသည်။ တည်ဆဲ ဥပဒေများအရ တရားမဝင်သည့်အပြင် ထိုနေရာများတွင် သန့်ရှင်းသည့် သောက်သုံးရေမရှိခြင်း နှင့် အမှိုက်သိမ်းစနစ် နှင့် ရေနုတ်မြောင်းစနစ် အပါအဝင် သန့်ရှင်းရေးဆောင်ရွက်မှုမှာ အလွန်အားနည်းနေပါသည်။ အစိုးရအနေဖြင့် မြို့ပြနှင့် အနီးတဝိုက်ဒေသများသို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ပြီး ကွန်ကရစ်လမ်းများ ဖောက်လုပ်နေခြင်းကြောင့် ရေကြီးရေလျှံခြင်း နှင့် ဆက်စပ်နေသည့် ရှိဆဲရေမြောင်းများ ပိတ်ဆို့သဖြင့် ပေါ်ပေါက်လာသည့် ညစ်ညမ်းမှုများက ပိုမို ဆိုးရွားသွားစေပါသည်။ ရလဒ်အနေဖြင့် မြို့ပြနှင့် အနီးတဝိုက် ဒေသများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေး နှင့် အခြားရောဂါများဖြစ်နိုင်သည့် အန္တရာယ် တိုးမြင့်လာခြင်းနှင့်အတူ သန့်ရှင်းရေး အခြေအနေများပိုမိုဆိုးရွားစွာ

ပျက်ယွင်းသွားစေခဲ့ပါသည်။

အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ရန်ကုန်မြို့ပြနှင့် အနီးတစ်ဝိုက် နေရာများရှိ ပြည်တွင်းရွှေ့ပြောင်းသူများ (အမျိုးသမီးများ၊ အမျိုးသားများ) အောင်မြင်စွာ အတူတကွပေါင်းစည်းနေထိုင်ရေးကို အထောက်အကူပြုရန် အတွက် ၃ နှစ်ကြာ ကဏ္ဍစုံစီမံကိန်းကို စတင်ဆောင်ရွက်နေပါသည်။ ဤစီမံကိန်းကို LIFT အနေဖြင့် ယခင်ကတည်းက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံတွင် ကောင်းမွန်သည့် အလုပ်အကိုင် နှင့် အလုပ်သမားရွှေ့ပြောင်းခြင်း၊ အာဟာရ နှင့် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှု ကိစ္စရပ်များပေါ်တွင် အခြေတည်၍ ဆောင်ရွက်သွားမည် ဖြစ်သည်။

## ၂-၂ ။ အကျိုးသက်ရောက်မှုရှိသည့် ဆောင်ရွက်ချက်များ

LIFT၏ မြို့ပြအနီးတစ်ဝိုက်ဒေသများရှိ ပြည်တွင်း ရွှေ့ပြောင်းသူများ၏ ထိခိုက်လွယ်မှုများကို လျော့ချနိုင်ရန် နည်းလမ်းမှာ အသစ်ရောက်ရှိလာသည့် ပြောင်းရွှေ့သူများ အခြေချတည်မြဲစေရေးနှင့် လက်ခံသည့် ဒေသခံ လူမှုအစုအဖွဲ့များနှင့် ရေရှည် ပေါင်းစည်းခြင်းမှ တဆင့် လူမှုဝန်းကျင်သဟဇာတဖြစ်မှုတိုးမြှင့်စေခြင်း တို့ကို အထောက်အကူ ပေးခြင်းဖြင့် ကိစ္စရပ်များကို ဖြေရှင်းသည့် နည်းလမ်းဖြစ်သည်။

မြို့ပြအနီးတစ်ဝိုက်တွင် နေထိုင်သူများ အတွက် စီမံကိန်းတွင် အောက်ပါ အစိတ်အပိုင်း ၃ ခုပါဝင်သည်-

၁။ အသစ်ရောက်လာသည့် ရွှေ့ပြောင်းသူများအတွက် သတင်းအချက်အလက်၊ ဝန်ဆောင်မှုများ နှင့် ဘဝတူ မိတ်ဆွေအပေါင်းအဖော်များ၏ အထောက်အကူ ပိုမိုရရှိစေခြင်း
၂။ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ရရှိစေရန် အခွင့်အလမ်းများပိုမို တိုးမြှင့်ခြင်း
၃။ အာဟာရ၊ ရေ၊ သန့်ရှင်းမှု နှင့် တစ်ကိုယ်ရည် ကျန်းမာရေးတို့ ပိုမိုကောင်းမွန်စေခြင်း

<u>အဆိုပြုလွှာများတွင် အပိုင်းကဏ္ဍ တစ်ခု သို့မဟုတ် ထို့ထက်ပို၍ အကျိုးရှိအောင် ဆောင်ရွက်ခြင်းများ ထည့်သွင်းနိုင်ပြီး ယင်း ဆောင်ရွက်ချက်များကြား ပေါင်းစပ်ဆောင်ရွက်မှု ရလဒ်များ ဖန်တီးနိုင်ရန် ပေါင်းစည်းထားသည့် ချဉ်းကပ်မှု နည်းလမ်း ကို တင်ပြနိုင်ရမည်။</u>

**အပိုင်းကဏ္ဍ ၁။ ရွှေ့ပြောင်းသူများအတွက် သတင်းအချက်အလက်၊ ဝန်ဆောင်မှုများ နှင့် အပေါင်းအဖော်များ၏ အထောက်အကူ ပိုမိုရရှိစေခြင်း**

- ရွှေ့ပြောင်းမှု မစတင်မီ နှင့် ပြောင်းရွှေ့ရောက်ရှိလာချိန်တွင် အလုပ်အကိုင် အခွင့်အလမ်းများ၊ ဘေးကင်းလုံခြုံသည့် နေရာထိုင်ခင်း၊ လူမှုရေး နှင့် ကျန်းမာရေး ဝန်ဆောင်မှုများ၊လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွား ကျန်းမာရေး၊ အရည်အသွေးကောင်းမွန်သည့် အစားအသောက် ဈေးကွက်များ၊ စသဖြင့်တို့ နှင့်ဆိုင်သည့် သတင်းအချက်အလက်များ
- အလုပ်သမား အခွင့်အရေးများဆိုင်ရာ သတင်းအချက်အလက်ပေးခြင်း၊ ကွန်ရက်တည်ဆောက်ရန် အကူအညီ၊ လူမှုအစုအဖွဲ့ ခေါင်းဆောင်များ/ ရပ်ရွာနေအကူများအား လေ့ကျင့်သင်ကြားခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများ ရယူနိုင်ရန် ဆောင်ရွက်ခြင်း၊ တရားဝင်စာရွက်စာတမ်းအထောက်အထားများ ရယူနိုင်ရန် ဆောင်ရွက်ပေးခြင်း နှင့် အလုပ်သမား အခွင့်အရေး အလွဲသုံးခံရခြင်း နှင့် လူကုန်ကူးခြင်း အမှုများတွင် ဥပဒေရေးရာ အကူအညီ ပေးခြင်းတို့ ဆောင်ရွက်သည့် အလုပ်သမားစင်တာများ
- ပုံမှန်အားဖြင့်အလုပ်သမား သမဂ္ဂများ ဝင်ရောက် လှုပ်ရှားဆောင်ရွက်ခြင်းမရှိသည့် အိမ်အကူလုပ်ငန်း နှင့် လိင်လုပ်ငန်း များအပါအဝင် သမားရိုးကျမဟုတ်သည့် ကဏ္ဍများတွင် အလုပ်သမားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် နှင့် လုပ်ငန်းခွင် အခြေအနေများ ပိုမိုတိုးမြှင့်စေရန် တိုက်တွန်းတောင်းဆိုရန်အတွက် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း နှင့် ယင်းအဖွဲ့များ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း
- ရွှေ့ပြောင်းလုပ်သားများ နှင့် ၎င်းတို့၏ မိသားစုများကို မိသားစု ဝင်ငွေထွက်ငွေ သတ်မှတ်ရာတွင် အထောက်အကူဖြစ်နိုင်စေရန် ဘဏ်စာရင်းအသုံးပြုခြင်း၊ ကြွေးမြီ စီမံခန့်ခွဲခြင်း၊ ငွေစုဆောင်းခြင်း နှင့်

လုံခြုံစိတ်ချစွာ နှင့် တတ်နိုင်သည့် ပမာဏအတွင်းမှ ငွေလွှဲခြင်းများ ဆောင်ရွက်နိုင်ရန် ငွေကြေးဆိုင်ရာ သင်တန်းပေးခြင်း၊

- အမျိုးသမီးများနှင့် အမျိုးသား ရွှေ့ပြောင်းသူများ ပုံမှန် လုပ်ခ များ စတင်ရရှိချိန်အထိ ဘေးကင်းလုံခြုံ၍ တတ်နိုင်ပြီး ကောင်းမွန်သည့် ယာယီအဆောင်များတွင် နေထိုင်နိုင်ရန် စီစဉ်ပေးခြင်း
- အဆောင်နေထိုင်သူများ ရန်ကုန်တွင် နေသားတကျဖြစ်စေရန် နှင့် လူမှုအရင်းအနှီး တည်ထောင်ရန် အကူအညီပေးရေး အတွက် ချိတ်ဆက်နိုင်သည့် အခွင့်အလမ်းများ

**အပိုင်းကဏ္ဍ ၂။ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ရရှိစေရန် အခွင့်အလမ်းများပိုမို တိုးမြှင့်ခြင်း**

- သမားရိုးကျ မဟုတ်သည့် ကဏ္ဍများတွင် အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုများပြား တိုးတက်စေမည့် ဖြစ်နိုင်ခြေများ အပါအဝင် သင်းတန်းပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများတိုးချဲ့ရန်အတွက် ပုဂ္ဂလိက ကဏ္ဍ ကျွမ်းကျင်မှုလိုအပ်ချက်များ နှင့် လုပ်သားလိုအပ်ချက်များ ဖော်ထုတ်ရန် ရန်ကုန်မြို့ အတွင်းရှိ အလုပ်သမား ဈေးကွက် လေ့လာဆန်းစစ်ခြင်း
- ရွှေ့ပြောင်းအမျိုးသမီးများ နှင့် အမျိုးသားများ ရောက်ရှိလာချိန်တွင် အသက်မွေးဝမ်းကျောင်းနှင့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှု အတတ်ပညာ (soft skills) များ လေ့ကျင့်သင်ကြားပေးဖြင်းဖြင့် သက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှု ရှိစေပြီး အလုပ်သမားအခွင့်အရေးများဆိုင်ရာ အသိအမြင်များ တိုးပွါးစေခြင်း
- အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာသတင်း အချက်အလက် ဖလှယ်ရန် နှင့် အမျိုးသမီးသီးသန့် နေရာများ ဖန်တီးပေးခြင်း အပါအဝင် အောင်အောင်မြင်မြင် ပေါင်းစည်းနေထိုင်နိုင်ရန်၊ အပြန်အလှန် အကူအညီပေးရန် အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းသားများ အကြားဘဝတူ ကွန်ရက်များ တည်ဆောက်ပေးခြင်း
- သင့်တင့်လျောက်ပတ်သည့်အလုပ်အကိုင် ရရှိနိုင်ရန် အလုပ်အကိုင်ချိတ်ဆက်ပေးသည့် ဝန်ဆောင်မှုများ ပေးခြင်း
- အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း နှင့် ကျွမ်းကျင်မှုများကို အသိအမှတ်ပြုနိုင်ရေးကို အထောက်အကူ ဖြစ်စေရန် အမျိုးသားအဆင့် ကျွမ်းကျင်မှု ဆိုင်ရာလက်မှတ်ထုတ်ပေးရေး ဌာနမှ ကျွမ်းကျင်မှု စံနှုန်းများ ရေးဆွဲ သတ်မှတ်အတည်ပြုခြင်း
- မူဝါဒရေးရာ စည်းရုံးလှုံ့ဆော်မှုဆောင်ရွက်ရန်အတွက် သတင်းအချက်အလက်များပေးရန် အခမဲ့စေခိုင်းခြင်းနှင့် ကလေးလုပ်သား၊ လွတ်လပ်စွာအသင်းဖွဲ့ခြင်း၊ ခွဲခြားဆက်ဆံသည့် အလေ့အထများ၊ တရားမျှတမှုရှိရေး၊ လုပ်ငန်းခွင်ဆိုင်ရာ ဘေးကင်းလုံခြုံမှု၊ ကျန်းမာရေးနှင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု အပါအဝင် ခေါင်းပုံဖြတ်ခံရသည့် အန္တရာယ်ဖြစ်နိုင်ခြေများသည့် လုပ်ငန်းခွင်အခြေအနေများ ကို သုတေသနပြုခြင်း
- အမျိုးသမီးများအပါအဝင်၊ ရွှေ့ပြောင်းသူများ၊ သမားရိုးကျမဟုတ်သည့်ကဏ္ဍများမှ အလုပ်သမားများ၊ မသန်စွမ်းသူများ၊ ကျားမရေးရာကွဲပြားမှု နှင့် လိင်ပိုင်းဆိုင်ရာ လူနည်းစုများ နှင့်ဆိုင်သည့် မူဝါဒ နှင့် ဥပဒေ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲနိုင်ရန်အတွက် အားလုံးပါဝင်သည့် လူမှုရေးရာဆွေးနွေးမှု ကို အထောက်အကူ ပေးရန် နှင့် မြို့ပြအနီးတစ်ဝိုက် မှ အလုပ်သမားများ ၏ အသံကို မြှင့်တင်ရန် အတွက် ပါဝင်ပတ်သက်သူများ အားလုံး ပါဝင်သည့် ဆွေးနွေးမှုများ
- ပိုမိုတာဝန်ယူမှုရှိသည့် ကုန်ပစ္စည်းရင်းမြစ်ရှာဖွေမှု ဆုံးဖြတ်ချက်များချမှတ်ခြင်း ကို အထောက်အကူဖြစ်စေရန် အတွက် လုပ်ငန်းခွင် အခြေအနေ နှင့် လုပ်သားခန့်ထားမှု အလေ့အထများဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရန် ပုံမှန်တွေ့ဆုံ
- နှင့် ပူးပေါင်း၍ ဆင်းရဲချို့တဲ့သည့် လူမှုအစုအဖွဲ့များ နှင့် လုပ်ငန်းခွင်များတွင် စည်းဝေးမည့် ဝယ်ယူသူများအုပ်စု ဖွဲ့စည်းခြင်း
- အဖွဲ့အစည်းတစ်ခုလုံး၏ ကုန်ပစ္စည်းစီးဆင်းမှုကွင်းဆက်အတွင်း လုပ်ခလစာ နှင့် လုပ်ငန်းခွင်အခြေအနေများ အဓိပ္ပါယ်ရှိရှိ ပြောင်းလဲတိုးတက်လာရေးကို ဦးတည်မည့် ကုန်အမှတ်တံဆိပ်/လက်လီရောင်းသူများ နှင့် အလုပ်သမား အဖွဲ့အစည်းများကြား ခံဝန်သဘောတူထားသည့် သဘောတူညီမှုများ ရေးဆွဲရန် အလုပ်သမားများ ဦးဆောင်ပဲ့ကိုင်သည့် လူမှုရေးရာ တာဝန်ခံမှုရှိသည့် ပဏာမခြေလှမ်းများ

**အပိုင်းကဏ္ဍ ၃။ အာဟာရ၊ ရေ၊ သန့်ရှင်းမှု နှင့် တစ်ကိုယ်ရေ သန့်ရှင်းမှုးတို့ ပိုမိုကောင်းမွန်စေခြင်း**

- ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ်စီမံကိန်း (MS-NPAN) မူဘောင်အတွင်းတွင် ရေးသားထားသည့် ဦးစားပေး အချက်များကို အကောင်အထည်ဖော်ရန် အဓိက အရေးပါသည့် အစိုးရ ဌာနများ၊ အရပ်ဘက် လူမှုအဖွဲ့ အစည်းများ၊ အန်န်ဂျီအိုများ နှင့် ပုဂ္ဂလိက ကဏ္ဍတို့နှင့် မိတ်ဖက်များအဖြစ် ဖွဲ့စည်းခြင်း
- အကောင်းဆုံး တစ်ကိုယ်ရည် သန့်ရှင်းမှု၊ သန့်ရှင်းရေး နှင့် အာဟာရ အလေ့အထ ကျင့်သုံးမှုများ၊ စားနပ်ရိက္ခာ ဘေးကင်းလုံခြုံမှု နှင့် မိခင်လောင်းများ၏ အခွင့်အရေးများအတွက် အဟန့်အတားဖြစ်နေမှုများကို ဖြေရှင်းရန် အတွက် သတင်းအချက်အလက်များ ရယူပိုင်ခွင့်ကို ပိုမိုတိုးချဲ့ရန်အတွက် လူမှု ဈေးကွက် မြှင့်တင်ခြင်း နှင့် နည်းပညာအသုံးပြုခြင်းတို့ ပါဝင်သည့် လူမှုရေး နှင့် အပြုအမူ ပြောင်းလဲခြင်း ဆိုင်ရာ ချဉ်းကပ်မှု နည်းလမ်းများ၊ အချက်အလက်များက ပထမဦးဆုံး ရက်ပေါင်း ၁,၀၀၀ ကာလအတွင်း အလေ့အကျင့်များ နှင့် ဆယ်ကျော်သက်များနှင့် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသည့် အမျိုးသမီးများအတွက် အထူးလိုအပ် ချက်များကို ဖော်ပြနိုင်ရမည်။
- ရန်ကုန်မြို့ပြနှင့် အနီးတစ်ဝိုက်ရှိ စက်ရုံလုပ်သားများနှင့် အိမ်ထောင်စုများအတွက် အားဖြည့်ဆန် ရောင်းလိုအား နှင့်ဝယ်လိုအား တိုးမြှင့်စေခြင်း၊ စက်ရုံများတွင် အစားအစာ/အစားအသောက်များ လက်လှမ်းမီမှုကို တိုးမြှင့်ခြင်း နှင့် ဘေးကင်းစိတ်ချရသည့် အစားအသောက် စံနှုန်းများကိစ္စ ကို ဖြေရှင်းခြင်း တို့မှတဆင့် ဘေးကင်း စိတ်ချရပြီး အာဟာရဓာတ်ပြည့်ဝသည့် အစားအစာများ လက်လှမ်းမီနိုင်မှုနှင့် ရရှိနိုင်မှု ပိုမိုများပြားစေခြင်း
- ကလေးများအကြား လတ်တလော အာဟာရချို့တဲ့မှုနှုန်း မြင့်မားနေမှုကို ဖြေရှင်းရန်နှင့် ဆယ်ကျော်သက်များ နှင့် မျိုးဆက်ပွား အသက်အရွယ်ရှိ အမျိုးသမီးများ အာဟာရပြည့်ဝမှုနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ လက်လှမ်း မီနိုင်မှု ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း
- ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် အစားအစာ လက်လှမ်းမီနိုင်မှု တိုးတက်ခြင်းအပါအဝင် မြို့ပြအနီး တစ်ဝိုက်တွင် နေထိုင်သူများ၏ အာဟာရနှင့် လူမှု လိုအပ်ချက်များကို ဖြေရှင်းရန်အတွက် အသေးစား နှင့် အလတ်စား စီးပွားရေး အခွင့်အလမ်းများ ဖော်ထုတ်အကူအညီပေးရန်အတွင် အာဟာရအလေးထား ဈေးကွက် ဆန်းစစ်မှု ဆောင်ရွက်ခြင်း
- ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မီတီ သန့်ရှင်းရေးစနစ် နှင့် ဘေးကင်းစိတ်ချရသည့် ရေအရင်းအမြစ် ရရှိမှု တိုးတက်စေရန် ကျားမရေးရာအခြေခံ အလေးထားတုံ့ပြန်သည့် ချဉ်းကပ်မှုနည်းလမ်းများအသုံးပြု၍ ပုဂ္ဂလိက ကဏ္ဍ နှင့် လူထုအခြေပြု ယန္တရားများ ဖော်ဆောင်ခြင်း
- စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးနှင့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းအပါအဝင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်းဆိုင်ရာ စိန်ခေါ်မှုများ ကို ဖြေရှင်းနိုင်မည့် ဆန်းသစ်တီထွင်မှုများမှတဆင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်း များမြှင့်တင်ခြင်း နှင့် အလုပ်အကိုင်ဖန်တီးခြင်း

## ၂-၃။ သတ်မှတ်ထားသည့် အုပ်စုများ နှင့် ပထဝီအနေအထား ဖြန့်ကျက်မှု

အဆိုပြုထားသည့် ဆောင်ရွက်ချက်ကို ရန်ကုန်မြို့ပြအနီးတစ်ဝိုက်တွင်ရှိသည့် လှိုင်သာယာ၊ရွှေပြည်သာ နှင့် ဒဂုံမြို့သစ်တို့အထဲမှ မြို့နယ် တစ်ခု သို့မဟုတ် နှစ်ခု ကို ဦးတည်ပြီး ရွေးချယ်ရမည်။ အဆိုပြုလွှာများအား အထူးသဖြင့် အမျိုးသမီးများ၊ တိုင်းရင်းသားလူနည်းစုများ၊ အယ်လ်ဂျီဘီတီကျူအိုင် (LGBTQI)၊ သမားရိုးကျမဟုတ်သည့် ကဏ္ဍ များမှ လုပ်သားများ၊ မသန်စွမ်းသူများနှင့် အလုပ်သမားဈေးကွက်အတွင်း ခွဲခြားဆက်ဆံမှုများခံနေရသည့် အခြား အုပ်စုများကို ဦးတည်အာရုံစိုက်ဆောင်ရွက်ရန် အားပေးတိုက်တွန်းပါသည်။

## ၃။ အချက်အလက် များ ရှာဖွေစုဆောင်းခြင်း

အဆိုပြုလွှာများတွင် ဤနေရာ တွင် ရယူနိုင်သည့် LIFT ၏ တာဝန်ခံယူမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်လေ့လာခြင်း နှင့် အကဲဖြတ်ခြင်း (MEAL) မူဘောင် ၏ လိုအပ်ချက်များနှင့်အညီ စီမံကိန်းများနှင့် စီမံကိန်းကို ဆန်းစစ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် အထူးသဖြင့် လိင်၊ အသက်အရွယ် နှင့် ဆင်းရဲနွမ်းပါးမှုတို့ကို ပိုင်းခြားပြီး ကောက်ယူမည့် အချက်အလက် ရှာဖွေစုဆောင်းခြင်းကို တစိုက်မတ်မတ် လုပ်ဆောင်မည့် အကြောင်း သက်သေပြနိုင်ရမည် ဖြစ်သည်။

LIFT သည် လက်ရှိအချိန်တွင် ၂၀၁၉-၂၀၂၃ အတွက် ကျိုးကြောင်းဆီလျော်သည့် မူဘောင်အသစ်ကို အပြီးသတ် ရေးဆွဲနေပြီး ယင်းမူဘောင်အသစ်အရ မိတ်ဖက်များအနေဖြင့် ရရှိခဲ့သည့် အကျိုးရလဒ်များနှင့်ပတ်သက်၍ ပိုမိုအား ကောင်းသည့် အချက်အလက်များ တင်ပြရန် လိုအပ်လိမ့်မည်ဖြစ်သည်။ သက်ဆိုင်သည့် ညွှန်းကိန်းများကို တိုင်းတာရန် မှန်ကန်သည့်အချက်အလက်များ ရရှိရန်အတွက် စီမံကိန်း များ စတင်ဖွဲ့စည်းသည့် အဆင့်တွင် နည်းစနစ်များ ရေးဆွဲရန် လိုအပ်မည်ဖြစ်သည်။ လိုအပ်ပါက အကောင်အထည်ဖော်ဖက် မိတ်ဖက် အဖွဲ့အစည်းများအနေဖြင့် MEAL စွမ်းဆောင်ရည် တည်ဆောက်နိုင်ရန်အတွက် LIFT က လေ့ကျင့်သင်ကြားခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီ ပေးမည်ဖြစ်သည်။

## ၄။ မိတ်ဖက်ပြုဆောင်ရွက်ခြင်းများ

မိတ်ဖက်ပြုဆောင်ရွက်ခြင်း၏ အရည်အသွေးမှာ အဆိုပြုလွှာများ သုံးသပ်အကဲဖြတ်ချိန်အတွင်း အဓိကထား စဉ်းစား ရသည့် အချက်ဖြစ်သည်။ လျှောက်ထားသူများအနေဖြင့် ၄င်းတို့၏ အဖွဲ့အစည်း နှင့် အဆိုပြုထားသည့် မိတ်ဖက် များတွင် ဆီလျော်သည့် ကျွမ်းကျင်မှုများ ရှိကြောင်း ပြသနိုင်ရမည် ဖြစ်သည်။

အဆိုပြုလွှာတင်သည့်အဆင့်တွင် စီမံကိန်းများတွင် ပါဝင်ပတ်သက်နေသူ မိတ်ဖက်များအားလုံး အနေဖြင့် အဆိုပြု လွှာ၊ ပါဝင်သည့်အကြောင်းအရာများ နှင့် ၄င်းတို့၏ သီးသန့် တာဝန်ဝတ္တရားများ ကို နားလည်သဘောပေါက်ထားပြီး ပဏာမသဘောတူညီချက် (ဘဏ္ဍာရေးနှင့် နည်းပညာ) ရှိထားရန် အရေးကြီးသည်။ ထို့ပြင် လျှောက်ထားသူများ အနေဖြင့် LIFT၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များနှင့် အညီ သွယ်ဝိုက်ကုန်ကျ စရိတ်များအား ၄င်းတို့၏ မိတ်ဖက်ခွဲများနှင့်အတူ မျှခံစေရမည်ကိုလည်း ထည့်သွင်းစဉ်းစား ရန်လိုသည်။

LIFT အနေဖြင့် ဒေသခံ အဖွဲ့အစည်းများ၏ ဖွဲ့စည်းဆက်စပ်ပုံအနေအထား နှင့် အရေးပါသည့် အစိုးရ၊ လက်နက် ကိုင်အဖွဲ့များ နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပါဝင်ပတ်သက်သူများအားလုံး အပါအဝင် လုံလောက်သည့် သက်ဆိုင်ရာနောက်ခံအနေအထားကို နားလည်သဘောပေါက်ခြင်းကို ပြသနိုင်သည့် မိတ်ဖက်များကို ဦးစားပေး စဉ်းစားမည်ဖြစ်သည်။ ရွေးချယ်ခံရသည့် မိတ်ဖက်များအနေဖြင့် သက်ဆိုင်ရာ ဒေသခံ ပါဝင်ပါတ်သက်သူများ နှင့် ယုံကြည်ရသည့် ဆက်ဆံရေးမျိုး တည်ဆောက်ပြီး ဖြစ်နိုင်သလို တရားဝင် ဖြစ်စေ၊ အလွတ်သဘော ဖြစ်စေ နယ်မြေခံ အဖွဲ့အစည်းများက ထောက်ခံသည့် အကျိုးဖြစ်စေမည့် ဆောင်ရွက်ချက်များ ဆောင်ရွက်နေခြင်းလည်း ဖြစ်နိုင်ပါသည်။ မိတ်ဖက် အဖွဲ့အစည်း၏ မူဝါဒ နှင့် လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ ချဉ်းကပ်နည်းလမ်းတွင် ကျားမရေးရာ - အလေးထားတုံ့ပြန်ဆောင်ရွက်မှု ရှိရန် လိုအပ်ပါသည်။

## ၅။ ရန်ပုံငွေ ခွဲဝေသတ်မှတ်ခြင်း

ပြည်တွင်း ရွှေ့ပြောင်းသူများ အား ကူညီရန်အတွက် LIFT ၏ စီမံကိန်းလုပ်ငန်းများလုပ်ကိုင်ရန် သတ်မှတ် ပြဌာန်း ပေးသည့် ရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ ၉ သန်းဖြစ်သည်။ အောက်ဖော်ပြပါ ခွဲဝေသတ်မှတ်ပုံ အသေးစိတ်မှာ ညွှန်းဆိုချက်မျှသာဖြစ်ပြီး စီမံကိန်း ဖော်ဆောင်နေသည့်အချိန်တွင် ပြောင်းလဲနိုင်ခြေ ရှိပါသည်။

| **စီမံကိန်း အစိတ်အပိုင်း** | **ခွဲဝေသတ်မှတ်ခြင်း** |
|---|---|
| အပိုင်းကဏ္ဍ ၁။ ရွှေ့ပြောင်းလုပ်သားများအတွက် သတင်းအချက်အလက်၊ ဝန်ဆောင်မှုများ နှင့် ဘဝတူ အပေါင်းအဖော်များ၏ အထောက်အကူ ပိုမိုရရှိစေရန် တိုးချဲ့ခြင်း | အမေရိကန်ဒေါ်လာ ၂သန်း |
| အပိုင်းကဏ္ဍ ၂။ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ရရှိစေရန် အခွင့်အလမ်းများပိုမို တိုးမြှင့်ခြင်း | အမေရိကန် ဒေါ်လာ ၄သန်း |
| အပိုင်းကဏ္ဍ ၃။ အာဟာရ၊ ရေ၊ ပတ်ဝန်းသန့်ရှင်းမှု နှင့် တကိုယ်ရည် သန့်ရှင်းမှုတို့ ပိုမိုကောင်းမွန်စေခြင်း | အမေရိကန် ဒေါ်လာ ၃သန်း |

* စီမံကိန်း ရန်ပုံငွေ ၏ ၂၀% ကို အရပ်ဘက်လူမှုအဖွဲ့အစည်း နှင့် အလုပ်သမား အဖွဲ့အစည်းများအတွက် သီးသန့် သတ်မှတ်ထားပြီး ဖြစ်သည်။ အနိမ့်ဆုံး ထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ ၁၅၀,၀၀၀ ကို ထို ရန်ပုံငွေများအတွက် အသုံးပြုမည်ဖြစ်သည်။

## ၆။ အဆိုပြုလွှာ တင်သွင်းရာတွင် လိုအပ်သည့်အချက်များ

အဆိုပြုလွှာတင်သွင်းရန် ပြန်ဆင်ရာတွင် လိုအပ်သည့် အရေးကြီးသည့် စာရွက်စာတမ်း အထောက်အထားများမှာ -

- က) နောက်ဆက်တွဲ ၁ - အဆိုပြုလွှာပုံစံနှင့် လိုအပ်ချက်များ
- ခ) နောက်ဆက်တွဲ ၂- အကဲဖြတ်သုံးသပ်ရေး ကော်မတီမှ အသုံးပြုမည့် အကဲဖြတ်သုံးသပ်သည့် စံများ
- ဂ) နောက်ဆက်တွဲ ၃ - အဆိုပြုလွှာတွင် ပါဝင်ရမည့် ကျားမရေးရာ အလေးထားတုံ့ပြန်မှုဆိုင်ရာ လမ်းညွှန်ချက်များ
- ဃ) နောက်ဆက်တွဲ ၄ - ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ လမ်းညွှန်ချက်များ

အဆိုပြုလွှာတင်သွင်းရာတွင် အောက်ပါလိုအပ်ချက်များအား ကျေးဇူးပြု၍ သတိပြုပေးပါ။ -

- အဆိုပြုလွှာများအား နောက်ဆက်တွဲ (၁)တွင် ဖော်ပြထားသည့် လိုအပ်သော သတ်မှတ်ပုံစံအတိုင်း အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ရမည်။
- အဆိုပြုလွှာတွင် နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာ နှင့် ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာပါဝင်ရမည်။
- အဆိုပြုလွှာများကို lift.proposals.mmoh@unops.org သို့ အောက်တွင် ဖော်ပြထားသည့် ရက်စွဲနှင့် အချိန်တွင် အီးမေးလ်ဖြင့် ပေးပို့ရမည်ဖြစ်သည်။ အဆိုပြုလွှာစာရွက်စာတမ်းများအား အထက်တွင်ဖော်ပြထားသော အီးမေးလ် လိပ်စာမှအပ အခြားမည်သည့်လိပ်စာထံသို့မှ ပေးပို့ခြင်း မပြုရပါ ။ သို့မဟုတ်ပါက ထိုအဆိုပြုလွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အီးမေးလ်တစ်စောင်၏ အရွယ်အစားသည် အီးမေးလ်ပါ စာနှင့် အတူတွဲပို့သော စာရွက်စာတမ်းများအပါအဝင် (၅) မဂ္ဂါဗိုက် (5MB) ထက် မကျော်လွန်ရပါ။

အဆိုပြုလွှာပြင်ဆင်ရသည့် ကုန်ကျစရိတ် နှင့် ထောက်ပံ့ငွေ ဆိုင်ရာ သဘောတူညီချက် ညှိနှိုင်းမှုများ အတွက် ကုန်ကျစရိတ်၊ ယင်းနှင့် ဆက်စပ်၍ ခရီးသွားလာမှုရှိခဲ့ပါက ခရီးစရိတ်တို့ကို ပြန်လည်တောင်းခံ၍ မရနိုင်ကြောင်း နှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် တိုက်ရိုက်ကုန်ကျစရိတ်များတွင်လည်း ထည့်သွင်း၍မရနိုင်ကြောင်း ကျေးဇူးပြု၍ သတိပြုပါ။

**ရှင်းလင်းချက်။** ။ ရှင်းလင်းချက် တစ်စုံတရာတောင်းခံလိုပါလျှင် lift@unops.org သို့ ပေးပို့မေးမြန်းပါ။ ရှင်းလင်းချက်များကို LIFT၏ အင်တာနက် ဝက်ဘ်ဆိုဒ် http://lift-fund.org/ နှင့် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်နေရာ (UN Global Marketplace) ၏ အင်တာနက်ဝက်ဘက်ဆိုဒ် https://www.ungm.org/Public/Notice တွင် ဖော်ပြပေးမည်ဖြစ်ပါသည်။

ထို့ပြင် ရွေးချယ်ခံရသည့် အဆိုပြုလွှာတင်သွင်းသူများအနေဖြင့် http://www.lift-fund.org/guidelines တွင် ရယူနိုင်သည့် LIFT ၏ လုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။ ထို လမ်းညွှန်ချက်များသည် အစီရင်ခံခြင်း၊ ဝယ်ယူရေး၊ ပိုင်ဆိုင်မှု စီမံခန့်ခွဲခြင်း၊ မှတ်တမ်းမှတ်ရာများ စီမံခန့်ခွဲခြင်းနှင့် အများပြည်သူမြင်သာအောင်ထားရှိသည့် ပစ္စည်းများနှင့် ဆိုင်သည့် လမ်းညွှန်ချက်များအပြင် LIFT ၏ စည်းမျဉ်း စည်းကမ်းများကို အတိအကျ ပြဌာန်းထားပါသည်။

## ၇။ အဆိုပြုလွှာ စိစစ်ရွေးချယ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းစဉ်

သုံးသပ်အကဲဖြတ်ရေး ကော်မတီ (Evaluation Committee – EC)သည် တင်သွင်းလာသည့် အဆိုပြုလွှာတစ်ခုချင်းစီ၏ နည်းပညာ ပိုင်းဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် နှင့် ဘဏ္ဍာရေး သုံးသပ်မှုများအား ပြုလုပ်သွားမည်ဖြစ်သည်။ အကဲဖြတ်သုံးသပ်ခြင်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် LIFT မှ နည်းပညာပိုင်း၊ ကုန်ကျစရိတ်၊ (သို့မဟုတ်) အဆိုပြုလွှာ၏ အခြားသော ကဏ္ဍများနှင့် စပ်လျဉ်း၍ လျှောက်ထားသူများနှင့်

ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နိုင်ပါသည်။ အဆိုပြုလွှာ ရွေးချယ်ခြင်းကို အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်မည် ဖြစ်သည်-

၁။ သုံးသပ်အကဲဖြတ်ရေးကော်မတီ၏ အကဲဖြတ်သုံးသပ်မှု

သုံးသပ်အကဲဖြတ်ရေး ကော်မတီသည် အဆိုပြုလွှာတစ်ခုချင်းစီကို ဤအပိုင်းတွင် ဖော်ပြထားသည့် စံသတ်မှတ်ချက်များကို အသုံးပြု၍ အကဲဖြတ်မည်ဖြစ်သည်။ LIFT ၏ မဟာဗျူဟာ၊ LIFT ၏ ကျားမရေးရာ မဟာဗျူဟာ နှင့် ဤ အဆိုပြုလွှာ ဖိတ်ခေါ်ခြင်းတွင် ပါဝင်သည့် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များ သို့မဟုတ် ဤအပိုင်းတွင် ဖော်ပြထားသည့် စံသတ်မှတ်ချက်များနှင့် လိုက်လျောညီထွေမှု အပြည့်အဝမရှိပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ဆန်ကာတင်ရွေးချယ်ထားသည့် အဆိုပြုလွှာများအား အကဲဖြတ် သုံးသပ်ထားသည့်အချက်များကို အကြံပြုချက်များ နှင့်တကွ LIFT ရန်ပုံငွေ ဘုတ်အဖွဲ့သို့ တင်ပြမည်ဖြစ်သည်။

၂။ LIFT ရန်ပုံငွေ ဘုတ်အဖွဲ့မှ သုံးသပ်ခြင်း

ရန်ပုံငွေဘုတ်အဖွဲ့ အကဲဖြတ်သုံးသပ်ချက်များကို ထပ်မံသုံးသပ်ပြီး ထောက်ခံရန် အကြံပြုချက်များ နှင့် ထောက်ခံချက်များ ပေးမည်ဖြစ်သည်။

အဆိုပြုလွှာအား ရန်ပုံငွေဘုတ်အဖွဲ့မှ ရွေးချယ်ရန် ထောက်ခံလိုက်သည့်အခါ ထောက်ခံချက်တွင် ပူးတွဲပါဝင်သည့် အခြေအနေများ အားလုံး ပြည့်စုံအောင် ဆောင်ရွက်ပြီးချိန် နှင့် ရန်ပုံငွေ သဘောတူညီမှု (GSA) လက်မှတ်ရေးထိုးပြီးချိန်အထိ ရန်ပုံငွေ ရရှိမည်ဟူသော အာမခံချက် မရှိသေးပါ။ ရန်ပုံငွေ ဘုတ်အဖွဲ့ က ခွင့်ပြုပြီးဖြစ်သော်လည်း LIFT နှင့် အဆိုပြုလွှာတင်သွင်းသူနှင့် စာချုပ်ချုပ်ဆိုရန် သဘောတူညီချက်တစ်စုံတရာ မရခဲ့လျှင် LIFT အနေဖြင့် ထိုအဆိုပြုလွှာအား ငြင်းပယ်နိုင်သည့် အခွင့်အရေးရှိပါသည်။ ရွေးချယ်ခြင်း မခံရသော အဆိုပြုလွှာများအား လျှောက်ထားသူထံသို့ ပြန်လည်ပေးပို့မည်မဟုတ်ပါ။

ရွေးချယ်ခံရသော အဆိုပြုလွှာများသည် LIFT ရန်ပုံငွေကို စီမံခန့်ခွဲသူဖြစ်သော UNOPS နှင့် အန်နီဂျီအိုများ နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများကြား ချုပ်ဆိုသည့် ရန်ပုံငွေပံ့ပိုးမှုဆိုင်ရာ သဘောတူညီမှု ရရှိပြီးချိန်တွင် အဆိုပြုထားချက်အား စတင် အကောင်အထည်ဖော် ဆောင်ရမည်ဖြစ်သည်။ ရန်ပုံငွေပံ့ပိုးမှုဆိုင်ရာ သဘောတူညီမှု စာချုပ်ပုံစံနှင့် အထွေထွေ စည်းကမ်းချက်များနှင့် ကန့်သတ်ချက် အခြေအနေများကို LIFT ၏ အင်တာနက် ဝက်ဘ်ဆိုဒ် (https://www.lift-fund.org/guidelines) တွင် ရယူနိုင်ပါသည်။ သဘောတူညီမှု စာချုပ်သက်တမ်းကို **အများဆုံး ၃ နှစ် အထိ** သတ်မှတ်ထားပါသည်။

### ၈။ အစီအစဉ် အချိန်ဇယား

အောက်ဖော်ပြပါ နေ့ရက်များမှာ ညွှန်ပြထားခြင်း သက်သက်သာ ဖြစ်သည်။ သုံးသပ်အကဲဖြတ်ရေး ကော်မတီအနေဖြင့် အဆိုပြုလွှာများကို သုံးသပ်ရာတွင် ပိုမို မြန်ဆန်သော သို့မဟုတ် ကြာမြင့်သော အချိန် ကို အသုံးပြုနိုင်သည်။

| **အစီအစဉ် အကြောင်းအရာ** | **နေ့ရက်** |
|---|---|
| အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း သတင်းထုတ်ပြန်သည့်ရက် | ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် |
| စုံစမ်းမေးမြန်းမှုများ ရေးသားပေးပို့ခြင်းအား လက်ခံမည့်နောက်ဆုံးရက် | ၂၀၁၉ ခုနှစ်၊ မတ်လ၊ ၄ ရက် |
| ပြန်လည်ရေးသားဖြေကြားချက်များအား နောက်ဆုံးဖြန့်ဝေမည့်ရက် | ၂၀၁၉ ခုနှစ်၊ မတ်လ၊ ၈ ရက် |
| အဆိုပြုလွှာ နောက်ဆုံးထား တင်သွင်းရမည့်ရက် | ၂၀၁၉ခုနှစ်၊ ဧပြီလ ၈ ရက်၊ နေ့လယ် ၁ နာရီ (မြန်မာစံတော်ချိန်) |
| ရန်ပုံငွေ သဘောတူညီမှုအတွက် ညှိနှိုင်းခြင်း/စာချုပ်ချုပ်ဆိုခြင်း | ၂၀၁၉ ခုနှစ် မေလ မှ ဇွန်လ |

## နောက်ဆက်တွဲ ၁။ အဆိုပြုလွှာများအတွက် သတ်မှတ်ပုံစံနှင့် လိုအပ်ချက်များ

အဆိုပြုလွှာသည် အောက်ဖော်ပြပါ သတ်မှတ်ပုံစံလိုအပ်ချက်များနှင့် ပြည့်စုံညီညွတ်မှုရှိရမည်။

ဤအဆိုပြုလွှာခေါ်ယူခြင်း၏ အဓိကအပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း အဆိုပြုလွှာတင်သွင်းခြင်းများအား အီးမေးလ်နှင့်သာမက စာရွက်စာတမ်းအပြည့်အစုံကိုပါ ဤအဆိုပြုလွှာခေါ်ယူမှု၏ အဓိကအပိုင်းတွင် ရေးသားဖော်ပြထားသည့်အတိုင်း ပေးပို့ရမည် ဖြစ်သည်။

အီးမေးလ်ဖြင့်ပေးပို့ရာတွင် (၅) မဂ္ဂါဗိုက် (5MB) ထက် မကျော်လွန်ရပါ။

အဆိုပြုလွှာသည် စာမျက်နှာ (၂၅)ထက် မပိုစေရပါ (Calibri Font အရွယ်အစား ၁၂ ကို အသုံးပြုပြီး စာမျက်နှာပတ်လည် အနားသတ်အား အနည်းဆုံး ၁ လက်မ ခွာထားရမည်)။ စာမျက်နှာများကို နံပါတ်တပ်ရမည်။ အဆိုပြုလွှာတွင် ချဉ်းကပ်ဆောင်ရွက်ပုံ၊ အသုံးပြုမည့်နည်းလမ်းများ၊ ရည်ညွှန်းကိုးကားချက်များ၊ မြေပုံများ အစရှိသည့် အသေးစိတ်ဖော်ပြချက်များအား နောက်ဆက်တွဲများအဖြစ် ထည့်သွင်းနိုင်ပါသည်။ နောက်ဆက်တွဲများသည်လည်း စာမျက်နှာ (၃၀) ထက် မပိုစေရပါ။

LIFT သည် အထက်ဖော်ပြပါ သတ်မှတ်ပုံစံနှင့် စာမျက်နှာကန့်သတ်ချက်များနှင့် ကိုက်ညီသော အဆိုပြုလွှာများကိုသာ ဆက်လက်စဉ်းစားသွားမည်ဖြစ်သည်။ အခြားတင်သွင်းလာသည့် မည်သည့်အချက်အလက်ကိုမဆို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

လျှောက်ထားသူများအနေဖြင့် အဆိုပြုတင်သွင်းထားသည့် စီမံကိန်းအား LIFT မှ ကောင်းစွာနားလည် သဘောပေါက်စေရန်အတွက် လိုအပ်သည်ဟုယူဆသော သတင်းအချက်အလက်များ အားလုံးကို ထည့်သွင်း ဖော်ပြနိုင်ပါသည်။ ဤအပိုင်းတွင် ကျန်ရှိနေသော အကြောင်းအရာများသည် အဆိုပြုလွှာ လျှောက်ထားသူများအားလုံး မဖြစ်မနေ ထည့်သွင်းရမည်ဟု သတ်မှတ်ထားသည့် အချက်အလက်များကို ဖော်ပြထားခြင်းဖြစ်သည်။ အောက်တွင် ဖော်ပြထားသည့် အပိုင်းများ၏ အစီအစဉ်အတိုင်း ဖြစ်ရန်မလိုပါ။ လျှောက်ထားသူများ အနေဖြင့် ဖတ်ရှုသူများ အဆင်ပြေစေရန် ရေးသားရမည်ဖြစ်ပြီး နှင့် ထပ်တလဲလဲ တင်ပြခြင်းမျိုးကို ရှောင်ရှားကြရန် တိုက်တွန်းပါသည်။

အဆိုပြုလွှာများတွင် အောက်ဖော်ပြပါအချက်များ ပြည့်စုံစွာပါဝင်ရမည်-

### မျက်နှာဖုံးစာမျက်နှာ

စီမံကိန်း ခေါင်းစဉ်၊ တင်သွင်းလျှောက်ထားသူ၏ အမည်နှင့် ဆက်သွယ်ရန်လိပ်စာ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နေရာဒေသ၊ မျှော်မှန်းထားသည့် စီမံကိန်း ကာလ၊ စီမံကိန်း စတင်ချိန်နှင့် ပြီးစီးချိန် နှင့် စုစုပေါင်း လျာထားငွေ။ အဆိုပြုလွှာ စာမျက်နှာကန့်သတ်ချက်တွင် မျက်နှာဖုံးစာမျက်နှာကို ထည့်သွင်းရေတွက်မည် မဟုတ် ကြောင်း သတိပြုစေလိုပါသည်။

### နိဒါန်း

နောက်စာမျက်နှာများတွင် မာတိကာဇယား၊ အတိုကောက်စာလုံးများစာရင်း နှင့် အဆိုပြုလွှာ အနှစ်ချုပ်တို့ အား ထည့်သွင်း ဖော်ပြနိုင်ပါသည်။ ဤစာမျက်နှာများကို အဆိုပြုလွှာ စာမျက်နှာကန့်သတ်ချက်တွင် ထည့်သွင်းရေတွက်မည် မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

### စီမံကိန်းနောက်ခံ အခြေအနေနှင့် စီမံကိန်း၏ အခြေခံအကြောင်းအရာ

စီမံကိန်း အတွက် အယူအဆ အဆိုပြုချက်၊ ပြဿနာများ၏ အဓိပ္ပါယ်/အခြေခံအကြောင်းအရာ နှင့် စီမံကိန်း မူဘောင်ကို ရေးဆွဲရန်။ အဆိုပြု စီမံကိန်းသည် LIFT ၏ မဟာဗျူဟာ (LIFT အင်တာနက်ဝက်ဘ်ဆိုဒ် www.lift-fund.org တွင်ရနိုင်ပါသည်) နှင့် ဤအဆိုပြုလွှာ ဖိတ်ခေါ်ချက်တွင် ပါဝင်သည့်သီးခြားကဏ္ဍ များ နှင့် မည်သို့ မည်ပုံ

ကိုက်ညီကြောင်း နှင့် ယခင် အတွေ့အကြုံများနှင့် လေ့လာမှုများမှ ရရှိသည့် သင်ခန်းစာများကို စီမံကိန်း ပုံစံတွင် မည်သို့မည်ပုံ အသုံးပြု ဖော်ပြထားကြောင်း ရှင်းလင်းဖော်ပြပါ။

အဆိုပြုစီမံကိန်းသည် မြန်မာနိုင်ငံအစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ/ ဦးစားပေးဆောင်ရွက်မှုများ နှင့် မည်သို့မည်ပုံ ကိုက်ညီကြောင်း (မကိုက်ညီပါက မည်သည့်အတွက်ကြောင့် မကိုက်ညီကြောင်း) ရှင်းပြပါ။ ထို့ပြင် တူညီသည့် ကဏ္ဍတွင်/သို့မဟုတ် တူညီသည့် နေရာဒေသ တွင် လုပ်ကိုင်နေသည့် အခြား ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့များ၏ ဆောင်ရွက်ချက်များနှင့် မည်သို့ လိုက်လျောညီထွေဖြစ်ကြောင်း ရှင်းပြပါ။ ရရှိထားသည့် အချက်အလက်ဗဟုသုတများတွင် ကွာဟချက်များ ဖော်ထုတ်ပါ။

အောက်ပါတို့အပါအဝင် အဆိုပြုလွှာ ပြင်ဆင်ရာတွင် ပြုလုပ်ခဲ့သည့် အရေးပါသည့် ဆွေးနွေးမှုများ၏ ရလဒ်များကို ဖော်ပြပါ

- မည်သူတို့နှင့် ဆွေးနွေးတိုင်ပင်ခဲ့သည် (ဥပမာ အခြား ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များ၊ အစိုးရ ဌာနများ၊ အန်န်ဂျီအိုများ၊ စသဖြင့်)
- စီမံကိန်း အခြေခံအကြောင်းအရာနှင့် စီမံကိန်းပုံစံ ချဉ်းကပ်ပုံနည်းလမ်းတို့နှင့် သက်ဆိုင်သည့် မည်သည့် ကိစ္စရပ်မဆို
- အခြား အရေးပါသည့် ပါဝင်ပတ်သက်သူများ၏ အမြင်များ အနှစ်ချုပ်

## အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နေရာဒေသ နှင့် ပါဝင်ပါတ်သက်သူများ ဆန်းစစ်ချက်

ဤအပိုင်းတွင် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ထားသည့် နေရာဒေသ နှင့် တိုက်ရိုက်နှင့် သွယ်ဝိုက် အကျိုးခံစားခွင့်ရှိသူများ (ကျားမ ခွဲခြားဖော်ပြခြင်း) တို့ကို ရှင်းလင်းဖော်ပြရမည်။ တိုက်ရိုက်နှင့် သွယ်ဝိုက် အကျိုးခံစားခွင့်ရှိသူများကွဲပြားချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြရမည်။

*စီမံကိန်း ပါဝင်ပတ်သက်သူများ ဆန်းစစ်ချက်* တွင် အရေးပါသည့် တိုက်ရိုက်နှင့်သွယ်ဝိုက် အကျိုးခံစားခွင့်ရှိသူများ၊ ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းများ နှင့် တသီးပုဂ္ဂလများ နှင့် ၄င်းတို့တွင် ရှိပြီးသား စိတ်ဝင်စားမှုအပါအဝင် - စိတ်ပါဝင်စားသူများ - အပေါ် သုံးသပ်ချက် တို့ ပါဝင်ရမည်။ အောက်ပါအချက်များကလည်း အရေးကြီးပါသည်-

- စီမံကိန်း အနေဖြင့် အစိုးရ နှင့် အစိုးရမဟုတ်သည့် လုပ်ရှားဆောင်ရွက်သူများ နှင့် မည်သို့ ပူးပေါင်းပြီး ပုဂ္ဂလိက ကဏ္ဍနှင့် မည်သို့ ထိတွေ့ဆောင်ရွက်မည်ကို ရှင်းလင်းစွာ ဖော်ပြချက်
- ပါဝင်ပတ်သက်နေသည့် နယ်မြေခံအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ အကြောင်း နှင့် အသင်းအဖွဲ့အသစ်များ တည်ထောင်ရန် အထောက်အကူ သို့မဟုတ် ရည်ရွယ်ချက်ကို အသေးစိတ် ကျိုးကြောင်းပြ ရှင်းလင်းဖော်ပြရန်၊ နှင့်
- အသစ်ဖြစ်သော သို့မဟုတ် ပိုမိုကောင်းမွန်သော အသင်းအဖွဲ့ဆိုင်ရာ အစီအစဉ်များမှာ ကာလရှည်ကြာမည်ဆိုလျှင် ပါဝင်သည့် ရေရှည်တည်တံ့ရေးပြဌာန်းချက်များနှင့်ဆိုင်သည့် ရှင်းလင်းချက် ကို ဖော်ပြရမည်။

## စီမံချက် ပြောင်းလဲမှု သီအိုရီ

တိကျသည့် ပြောင်းလဲမှု သီအိုရီ (TOC) ကို ဇယားပုံစံဖြင့် တင်ပြရန်ဖြစ်ပြီး ရှင်းလင်းချက်တွင် အသေးစိတ် ရှင်းလင်းပြရမည်။ လှုပ်ရှားဆောင်ရွက်သူ ဗဟိုပြုသည့် ပြောင်းလဲမှု သီအိုရီမှာ အသင့်တော်ဆုံး နှင့် အလိုလားအပ်ဆုံးဖြစ်သည်။ စီမံကိန်း က မည်သည်ကို စွမ်းဆောင်အောင်မြင်မည်ကို တိကျစွာ ဖော်ပြပြီး အရေးပါသည့် ရလဒ်များကို စီမံကိန်း အဆင့် ရေရှည်ရလဒ်များနှင့် လက်ငင်းအကျိုးရလဒ်များ ကို အကျဉ်းချုပ် ဖော်ပြရန်ဖြစ်သည်။

## ရေရှည်အကျိုးရလဒ်များ၊ လက်ငင်းအကျိုးရလဒ်များ၊ လုပ်ငန်းများ၊ နည်းပညာပိုင်းဆိုင်ရာ ချဉ်းကပ်နည်းလမ်းများ၊ နည်းစနစ်များ နှင့် လုပ်ငန်းနယ်ပယ်

လုပ်ငန်းနှင့်နည်းစနစ် ရှင်းလင်းချက်တွင် **မည်သည့်**လုပ်ငန်းကိုဆောင်ရွက်မည်၊ **မည်သို့** ဆောင်ရွက်မည်၊

**မည်သည့်**နေရာတွင် ဆောင်ရွက်မည် တို့ကို ဖော်ထုတ်နိုင်ရန် ပြည့်ပြည့်စုံစုံ ရှင်းလင်းရန် လိုအပ်သည်။ ပါဝင်ပတ်သက်သူများ ကဏ္ဍကို ရှင်းလင်းရန် မည်သူက မည်သည့်အလုပ်ကို လုပ်ကိုင်မည်ဆိုသည်ကို အကျယ်တဝင့်ဖော်ပြရမည်။ အဆိုပြုလွှာ ရေးဆွဲပြင်ဆင်ရာတွင် လုပ်ငန်းစီမံချက်နှင့် ကိုက်ညီသည့် ပုံစံ ရေးဆွဲရမည် ဖြစ်ပြီး စောင့်ကြည့်ဆန်းစစ်ရန် စီမံကိန်း လျာထား အသုံးစရိတ်နှင့် ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ ဆန်းစစ်ချက် တို့ ပါ ထည့်သွင်းရေးဆွဲရန် လိုသည်။

ဤအပိုင်းတွင် ကဏ္ဍပေါင်းစုံနှင့် သက်ဆိုင်သည့် (ကျားမရေးရာကွဲပြားမှု၊ အာဟာရ၊ လူ့အခွင့်အရေး နှင့် သဘာဝပတ်ဝန်းကျင်) ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားမှုများ ပါဝင်သင့်သည်။ စီမံကိန်း က ဖြေရှင်းရန် ရည်ရွယ်သည့် ကျားမရေးရာ ကိစ္စများကို ဆောင်ရွက်မည့် လုပ်ငန်း များနှင့် စီမံကိန်း ToC တွင် ထည့်သွင်းရေးဆွဲရမည်။

လုပ်ငန်းစီမံချက်ကို ဂရပ် ပုံစံ (spreadsheet သို့မဟုတ် ဇယား၊ LIFT ၏ ပုံစံဆိုလျှင် ပိုကောင်းပါသည်) နှင့် တင်ပြပြီး နောက်ဆက်တွဲအနေဖြင့် ပူးတွဲ တင်ပြနိုင်ပါသည်။ အဆင့်တိုင်းအတွက် သတ်မှတ်ထားသည့် လုပ်ငန်းစတင်သည့် လ၊ ပြီးဆုံးသည့် လ နှင့် အဓိက ပြီးစီးရမည့်လုပ်ငန်းများ အပါအဝင် အရေးပါသည့် လုပ်ငန်းများနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ် မှတ်တိုင်များကို အစဉ်အတိုင်း ဖော်ပြရမည် ဖြစ်သည်။ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်ကို နားလည်သဘောပေါက်စေရန်အတွက် လိုအပ်သည့်အချက်မှန်သမျှကို အတတ်နိုင်ဆုံး အသေးစိတ် ဖော်ပြပေးရမည်။ လုပ်ငန်းစီမံချက်က ToC နှင့် စီမံကိန်း လျာထားအသုံးစရိတ် တို့နှင့် လိုက်လျောညီထွေ ဖြစ်ရန်လိုပြီး စီမံကိန်း စတင်သည်မှ ပြီးဆုံးသည်အထိ ဆောင်ရွက်ရန် လုပ်ငန်းအားလုံးကို စနစ်တကျ သေချာစွာ စဉ်းစားပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြလျက် ကျိုးကြောင်းဆီလျော်သည့် အကောင်အထည်ဖော်ရေး အဆင့်ဆင့် ကို ဖော်ပြရမည်ဖြစ်သည်။ ရာသီဥတု အခြေအနေ နှင့်/သို့မဟုတ် အခြား အရေးကြီးသည့် ကန့်သတ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။ လုပ်ငန်းစီမံချက် တွင် လိုအပ်သည့် လုပ်ငန်းစဉ် မှတ်တိုင်များဆိုင်ရာ အစီရင်ခံစာများ နှင့် စောင့်ကြည့်စစ်ဆေး ခြင်း သုံးသပ်ချက်များ ပါဝင်ရမည်ဖြစ်သည်။

## ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များနှင့် ၎င်းတို့ကို လျှော့ချရေးအစီအစဉ်

စီမံကိန်း လုပ်ငန်းများ နှင့်/သို့မဟုတ် မျှော်မှန်းထားသည့် ရလဒ်များ မအောင်မြင်သည့် စီမံကိန်း မှ ကြုံတွေ့နိုင်သည့် ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များ၊ အချက်များ ဖော်ထုတ် စာရင်းပြုစုရန် ဖြစ်သည်။ ယင်းတို့တွင် လုပ်ငန်းတွင်း/ လုပ်ငန်း ဆောင်ရွက်ရာတွင် ဖြစ်လာနိုင်သည့် အကြောင်းအချက်များ (ဥပမာ အသုံးပြုသည့် နည်းပညာ က မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာသည့်အခါ) သို့မဟုတ် ပြင်ပ အကြောင်းအချက်များ (ဥပမာ အစိုးရ၏ မူဝါဒ အပြောင်းအလဲ) ပါဝင်သည်။ စီမံကိန်းပုံစံတွင် အန္တရာယ်လျှော့ချရေး မဟာဗျူဟာများ နှင့်/သို့မဟုတ် ကြုံတွေ့နိုင်သည့် ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များကို မည်သို့ ဖော်ထုတ်ပြီး မည်သို့ သုံးသပ် မည်ဆိုသည်ကို ဖော်ပြရမည်။ အဆိုပြုလွှာကို ပြုစုရေးသားရာတွင် မည်သည့် အဓိက ယူဆချက်များကိုအခြေခံ၍ ပြုစုရေးသားသည်ကို ထည့်သွင်း တင်ပြရမည်။

## ကဏ္ဍပေါင်းစုံနှင့် ဆက်နွယ်နေသည့် ကိစ္စရပ်များ (ကျားမရေးရာ၊အာဟာရ၊သဘာဝ ပတ်ဝန်းကျင်၊ မည်သည့် ထိခိုက်မှုမျှ မဖြစ်စေရ)

အဆိုပြုလွှာတွင် ကဏ္ဍပေါင်းစုံနှင့် ဆက်နွယ်နေသည့် ကိစ္စရပ်များ (ကျားမရေးရာ၊အာဟာရ၊သဘာဝ ပတ်ဝန်းကျင်၊ မည်သည့်ထိခိုက်မှုမျှ မဖြစ်စေရ) တို့ကို ထည့်သွင်းစဉ်းစားရန်လိုပါသည်။ စီမံကိန်း က ဖြေရှင်းရန် ရည်ရွယ်သည့် ကျားမရေးရာ ကိစ္စရပ်ကို လုပ်ငန်းစဉ်များနှင့် ToC တွင် ဖော်ပြရန်လိုပါသည်။ အဆိုပြုလွှာတွင် ထည့်သွင်းစဉ်းစားရမည့် ကျား၊မ ရေးရာ ကိစ္စရပ်နှင့် ဆိုင်သည့် အသေးစိတ်ကို နောက်ဆက်တွဲ ၃ တွင် လေ့လာနိုင်ပါသည်။

အာဟာရ (အထူးသဖြင့် အသက် ၂နှစ်နှင့်အောက် အုပ်စု တွင် ပုညက်မှုကို လျှော့ချခြင်း နှင့် ရက် ၁,၀၀၀ စီမံကိန်း) တို့မှာ LIFT အတွက် အရေးကြီးသည့် ကဏ္ဍစုံ ဆက်နွယ်နေသည့် ကိစ္စရပ်ဖြစ်သောကြောင့် စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ LIFT ၏ ကလေးသူငယ်များ ပုညက်မှုကို လျှော့ကျစေရန် နှင့် အာဟာရဖွံ့ဖြိုးစေရန် မည်သို့ဆောင်ရွက်နေသည်ဆိုသော အချက်အလက်များ

ထပ်မံသိရှိလိုပါက LIFT ၏ အင်တာနက်ဝက်ဘ်ဆိုဒ်တွင် လေ့လာနိုင်ပါသည်။

အဆိုပြုလွှာတွင် စီမံကိန်း အတွက် သတ်မှတ်ထားသည့် အုပ်စု သို့မဟုတ် အခြား မည်သည့် ပါဝင်ပတ်သက်သူများကို မျှ မထိခိုက်စေရန်အတွက် အဆိုပြုထားသည့် အကျိုးရှိစေမည့် ဆောင်ရွက်ချက်များကို ရှင်းလင်းဖော်ပြရန်လိုပါသည်။

### တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်လေ့လာခြင်း နှင့် အကဲဖြတ်ခြင်း (MEAL)

ဤအပိုင်းတွင် www.lift-fund.org/monitoring-and-evaluation-learning-and-accountability-meal-guidelines-ips-upcoming-proposals တွင် ဖော်ပြထားသည့် LIFT ၏ MEAL လမ်းညွှန်ချက်များအတိုင်း လိုက်နာရန်လိုအပ်ပါသည်။ စတင်ဖွဲ့စည်းသည့်ကာလတွင် စီမံကိန်းများအားလုံး၏ အဓိကအပိုင်း ၃ ပိုင်း ဖြစ်သော ၁) စီမံကိန်း ပြောင်းလဲမှုသဘောတရား ၂) စီမံကိန်း သုံးသပ်အကဲဖြတ်ခြင်း နှင့် လေ့ကျင့်သင်ကြားခြင်းဆိုင်ရာ မေးခွန်းများ ၃) စီမံကိန်း တိုင်းတာရေး အစီအစဉ် [၂၉] တို့ ပါဝင်သည့် ပြည့်စုံသော MEAL မူဘောင် ကို တင်ပြရန် လိုအပ်ပါသည်။

စီမံကိန်းများအနေဖြင့် သင့်တော်သည့် စီမံကိန်းစတင်ချိန် ကိန်းဂဏန်းအချက်အလက်များ အတည်ပြုသတ်မှတ်ရန် နှင့် အပြီးသတ် အကဲဖြတ်သုံးသပ်ခြင်းကို အထောက်အကူပြုရန် စီမံကိန်းပြီးဆုံးမှု စစ်တမ်း ကောက်ယူရန် လိုအပ်ပါသည်။

### တင်သွင်းလျှောက်ထားသော အဖွဲ့အစည်း၏ အဖွဲ့အစည်းဆိုင်ရာ နောက်ခံသမိုင်း

ဤအပိုင်းတွင် အဆိုတင်သွင်းထားသော အဖွဲ့အစည်းသည် အဆိုပြုထားသော စီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အတွေ့အကြုံ၊ စွမ်းဆောင်ရည်နှင့် အမှန်တကယ် တာဝန်ခံလုပ်ဆောင်လိုစိတ် ရှိကြောင်းကို ရှင်းလင်းစွာ ဖော်ပြနိုင်ရမည်။ ထိုသို့ဖော်ပြရာတွင် အောက်ပါအချက်များ ပါဝင်ရမည်။

- အဖွဲ့အစည်း အမျိုးအစား - ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်း၊ ပြည်တွင်း အစိုးရ မဟုတ်သော အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ သုတေသန (သို့မဟုတ်) လေ့ကျင့်သင်ကြားရေး အဖွဲ့အစည်း စသည်ဖြင့် မည်သည့် အဖွဲ့အစည်း ဖြစ်ကြောင်း။
- အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်း (အတွေးအခေါ်)၊ အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့် အဓိက လုပ်ငန်းများ နှင့် စီမံကိန်းနှင့်သက်ဆိုင်သော အတွေ့အကြုံများ။
- တည်ထောင်မှုသက်တမ်းနှင့် ဥပဒေအရ တရားဝင်မှု - လျှောက်ထားသည့်အဖွဲ့အစည်း နှင့် မိတ်ဖက်ပြုဆောင်ရွက်သည့်အဖွဲ့များသည် မြန်မာနိုင်ငံအတွင်း စီမံကိန်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် တရားဝင်ခွင့်ပြုချက်ရထားပြီးဖြစ်ရပါမည်။
- အဖွဲ့အစည်းအတွင်းနှင့် အဖွဲ့အစည်းပြင်ပမှ ရယူနိုင်မည့် ကျွမ်းကျင်မှုများ။
- အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နေရာဒေသ ယခင်က သို့မဟုတ် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် အစိုးရနှင့် အစိုးရမဟုတ်သည့် လုပ်ရှားဆောင်ရွက်သူများနှင့် အလုပ်သဘောဆက်ဆံရေး မည်သို့ရှိသည်ကို ရှင်းပြရန်

### ဝန်ထမ်းခန့်ထားခြင်း

စီမံကိန်း ၏ အဖွဲ့အစည်းတည်ဆောက်ပုံ ကို အဓိက အရေးပါသည့် (ပြည်တွင်း နှင့် နိုင်ငံတကာ) ဝန်ထမ်းများ (ဥပမာ အဖွဲ့ခေါင်းဆောင်၊ စီမံကိန်း ဒါရိုက်တာ၊ ဝါရင့် နည်းပညာပိုင်းဆိုင်ရာ အကြံပေး) ၏ ကိုယ်ရေးရာဇဝင်နှင့်တကွ ရှင်းလင်းတင်ပြရမည်။ စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် လိုအပ်သည့် ကျွမ်းကျင်ပညာရှင်များ မည်သို့ ရရှိအောင် လုပ်ဆောင်မည်ကို (ဆိုလိုသည်မှာ အဖွဲ့အစည်းတွင်းမှ၊ ပြင်ပ အကြံပေးဝန်ဆောင်မှု နှင့် မိတ်ဖက်ပြုပူးပေါင်းမှုများ) ရှင်းပြပြီး အကောင်အထည်ဖော်ဆောင် ရွက်ရာတွင် ၎င်းတို့၏ အခန်းကဏ္ဍများအကြောင်း ရှင်းလင်းချက်နှင့်တကွ ဖော်ပြရမည်။

### မိတ်ဖက်ပြုဆောင်ရွက်မှုများ

မိတ်ဖက်အဖွဲ့အစည်းများသည် မည်သူဖြစ်ကြောင်း၊ ၎င်းတို့အား မည်ကဲ့သို့သတ်မှတ်ရွေးချယ်ခဲ့ကြောင်း၊ ၎င်းတို့၏ သီးသန့် ကျွမ်းကျင်မှုများမှာ မည်သည်တို့ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် မည်သို့ ပူးပေါင်းပါဝင်ကြမည်ဖြစ်ကြောင်းနှင့်

စီမံကိန်းကာလတလျှောက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးကို မည်သို့ စီမံခန့်ခွဲမည်ဖြစ်ကြောင်းကို ရှင်းလင်းဖော်ပြပါ။ ဤအပိုင်းတွင် မည်သည့်စီမံအုပ်ချုပ်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် စီမံကိန်းအနေဖြင့် ဒေသ၏ လုပ်ဆောင်ပိုင်ခွင့် အမြင့်ဆုံးသို့ရောက်ရှိနိုင်ရန် မည်သို့ဆောင်ရွက်မည်ကို ရေးသားဖော်ပြရမည်။ ဦးဆောင်လျှောက်ထားသည့် အဖွဲ့အစည်းက မိတ်ဖက်အဖွဲ့များ၏ အဖွဲ့အစည်းများဆိုင်ရာ၊ အဖွဲ့အစည်းတစ်ခုခြင်း၏ ဖွဲ့စည်းပုံဆိုင်ရာ နှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များ နှင့် အောက်ပါအချက်များ အပါအဝင် စီမံကိန်းက ၄င်းတို့၏ စွမ်းဆောင်ရည်ကို မည်သို့ ခိုင်မာအားကောင်းစေမည်ကို အကျဉ်းချုပ် သုံးသပ်ပြရမည်-

- ဒေသခံ မိတ်ဖက်ပြုဆောင်ရွက်သည့်အဖွဲ့များ၏ အဖွဲ့အစည်းများဆိုင်ရာ၊ အဖွဲ့အစည်းတစ်ခုချင်း၏ ဖွဲ့စည်းပုံဆိုင်ရာ နှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များ တည်ဆောက်ခြင်း
- သွယ်ဝိုက်ကုန်ကျစရိတ် အပါအဝင် မိတ်ဖက်ပြုအဖွဲ့အစည်းများအားလုံး၏ စီမံကိန်းလျာထားအသုံးစရိတ် ခွဲဝေသတ်မှတ်မှု (အောက်တွင်ကြည့်ပါ)
- စာချုပ်ချုပ်ဆို လုပ်ကိုင်သည့် ဆက်ဆံရေး နှင့် ညှိနှိုင်းဆောင်ရွက်/ဆုံးဖြတ်ချက် ချခြင်း စနစ်များ
- မိတ်ဖက်ပြုဆောင်ရွက်နေသည့် အဖွဲ့များကြား ဆက်နွယ်မှုများပါဝင်သည့် ဖွဲ့စည်းပုံဇယား

အကယ်၍ မိတ်ဖက်ပြုထားသည့် အဖွဲ့များသည် စီမံကိန်းတွင် အချိန်ပြည့် ဆောင်ရွက်ခြင်း မဟုတ်ပါက ၄င်းတို့ ထည့်ဝင်သည့် အချိန် ဇယားကို ဖော်ပြပေးပါရန်။

ဦးဆောင်လျှောက်ထားသည့် အဖွဲ့က အဆိုပြုထားသည့် မိတ်ဖက်အဖွဲ့များက စီမံကိန်း ပုံစံရေးဆွဲရာတွင် ပူးပေါင်း ပါဝင်ထားကြောင်း၊ လျှောက်ထားသူနှင့် အတူပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်းနှင့် အဆိုပြုလွှာ ရွေးချယ်ခံရပါက သဘောတူညီချက် ချုပ်ဆိုရန် သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် အဆိုပြုလွှာကို နောက်ဆက်တွဲအဖြစ် တင်ပြရမည်။

### စီမံကိန်းလျာထားအသုံးစရိတ်နှင့် တန်ဖိုးငွေကြေးမျှတမှု

စစ်မှန်ပြီး လက်တွေ့ကျသည့် လျာထားအသုံးစရိတ်မှာ အောင်မြင်သည့် စီမံကိန်းတစ်ခု ရေးဆွဲအကောင် အထည်ဖော်ခြင်း၏ အရေးပါသည့် အစိတ်အပိုင်းဖြစ်သည်။ အဆိုပြုလွှာတွင် လျာထားသည့်အသုံးစရိတ်တွင် အသေးစိတ် ကုန်ကျစရိတ်များ ပါဝင်ရမည်။ LIFT ၏ အင်တာနက်ဝက်ဘ်ဆိုဒ် https://www.lift-fund.org/budget-initial တွင် ရရှိနိုင်သည့် လျာထားအသုံးစရိတ်ပုံစံကို အသုံးပြုရမည်ဖြစ်သည်။ လျာထားအသုံးစရိတ် အသေးစိတ်တွင် စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုစီ အတွက် ထည့်ဝင်အသုံးပြုမည့် ခွဲဝေသတ်မှတ်ထားသည့် အသုံးစရိတ်များ ရှင်းလင်းစွာ ဖော်ပြရမည်။ လျာထားအသုံးစရိတ် အသေးစိတ်မှာ TOC နှင့် လုပ်ငန်းစီမံချက်တို့နှင့် လိုက်လျောညီထွေမှု ရှိရမည်ဖြစ်သည်။

စီမံကိန်း လျာထားအသုံးစရိတ်အား ရေးဆွဲရာတွင် အောက်ဖော်ပြပါ အရေးကြီးသော အခြေခံမှုများအား သတိပြု လိုက်နာရမည်။

- အဆိုပြုလွှာတွင် ဖော်ပြထားသော လုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်ထားသည့် အကျိုးရလဒ်များ ထွက်ပေါ်လာရေးတို့နှင့် တိုက်ရိုက်သက်ဆိုင်သော ကုန်ကျစရိတ်များကိုသာ ထည့်သွင်းရမည်။ အခြားသော ဆက်စပ်အသုံးစရိတ်များအတွက် အခြားရင်းမြစ်များမှ ရန်ပုံငွေရယူရမည်ဖြစ်သည်။ LIFT အနေဖြင့် မည်သည်တို့အတွက် ရန်ပုံငွေထောက်ပံ့မှု ပြုလုပ်နိုင်သည်၊ မပြုလုပ်နိုင်သည်တို့ကို LIFT ၏ လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များတွင် ကြည့်ရှုရန် ရည်ညွှန်းပါသည်။
- အသုံးစရိတ်လျာထားချက်သည် စစ်မှန်၍ လက်တွေ့ကျရမည်။
- အသုံးစရိတ်လျာထားချက်တွင် ရန်ပုံငွေခွင့်ပြုချက်ရရှိထားသည့် စီမံကိန်းအား စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်းသော ကုန်ကျ စရိတ်များအားလုံး ပါဝင်ရမည်။ အထူးသဖြင့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းအတွက် ကုန်ကျစရိတ်များ ပါဝင်ရမည်။
- သွယ်ဝိုက်ကုန်ကျစရိတ်များအား တိုက်ရိုက်ကုန်ကျစရိတ် စုစုပေါင်း၏ ၆% အထိသာ ခွင့်ပြုထားသည်

- အသုံးစရိတ်လျာထားချက် သတ်မှတ်ပုံစံတွင် ပါဝင်သော လျာထားစာရင်းများသည် ယေဘုယျအားဖြင့် အမျိုးအစား ခွဲခြားထားခြင်းဖြစ်ပြီး ငွေကြေးအသုံးပြုရန်လိုအပ်သည့် နေရာအမျိုးအစားများကို စဉ်းစားရာတွင် အထောက် အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ အကယ်၍ ရည်မှန်းထားသော ကုန်ကျစရိတ်သည် စံနမူနာဖော်ပြထားသည့် အမျိုးအစားများတွင် မပါဝင်ခဲ့ပါက အခြားကုန်ကျစရိတ်များ ခေါင်းစဉ်အောက်တွင် ထည့်၍ မည်သည့်ကိစ္စအတွက် အသုံးပြုမည်ဖြစ်ကြောင်းကို ရှင်းလင်းဖော်ပြပါ။
- အသုံးစရိတ်လျာထားချက်စာရင်းတွင် ပါဝင်သော ကိန်းဂဏန်းများသည် အဆိုပြုလွှာ ခေါင်းစဉ်နှင့် စာသားတို့၌ ဖော်ပြထားသော ကိန်းဂဏန်းများနှင့် ကိုက်ညီမှုရှိရမည်။
- အသုံးစရိတ်လျာထားချက်နှင့်အတူ ကုန်ကျစရိတ်များ၏ အသေးစိတ်ရှင်းလင်းချက်များကိုပါ ပူးတွဲဖော်ပြရမည် (ဥပမာ - ဝန်ထမ်းဦးရေ မည်မျှအတွက် ကွန်ပျူတာအလုံးရေ မည်မျှလိုအပ်ကြောင်း၊ နေ့တွက်စရိတ်များအား မည်ကဲ့သို့ တွက်ချက်ကြောင်း စသည်ဖြင့်)။ လျာထားသည့်အသုံးစရိတ် ကိန်းဂဏန်းများ တွင် ရှင်းလင်းချက်များ မထပ်စေသင့်ပါ။ သို့သော် အသုံးစရိတ်လျာထားချက်အတွက် ကိန်းဂဏန်းများတွက်ချက်ရာတွင် ယူဆချက်များ အား ရှင်းလင်းပြပါ။
- မြန်မာနိုင်ငံပြင်ပရှိ ရုံးချုပ်တွင် ကုန်ကျသည့် အသုံးစရိတ်များအား စီမံကိန်းနှင့်တိုက်ရိုက်သက်ဆိုင်မှုရှိမှသာ ခွင့်ပြုချက်ကိစ္စများအဖြစ် စဉ်းစားမည်ဖြစ်သည်။

အကောင်အထည်ဖော်သည့်ကာလအတွက် စီမံကိန်းနှင့် ပတ်သက်၍ ငွေကုန်ရကျိုးနပ်မှု ရှိမရှိ သုံးသပ်နိုင်ရန် ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာများအား TOC နှင့် လုပ်ငန်းစီမံချက်တို့နှင့် အပြည့်အဝ ချိတ်ဆက် ထားရမည်ဖြစ်သည်။ အကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် ငွေကုန်ရကျိုးနပ်မှု (Value for Money) ဆန်းစစ် ချက်များ ဆောင်ရွက်ရာတွင် စစ်မှန်ပြီး လက်တွေ့ကျသည့် စီမံကိန်းရေးဆွဲခြင်း နှင့် ကောင်းမွန်စွာ စီမံခန့်ခွဲထားသည့် အကောင်အထည်ဖော်ဆောင်ရွက်ချက်ပေါ်တွင် မူတည်သည်။

LIFT ၏ ရန်ပုံငွေ က အခြားရန်ပုံငွေများအပေါ်တွင် သြဇာလွှမ်းမိုးမှုရှိကြောင်း နှင့် များပြားသည့် ထပ်ဆင့် အကျိုး သက်ရောက်မှုများ သို့မဟုတ် ရေရှည်တည်တံ့သည့် ဘဏ္ဍာရေး အတွက် ရှင်းလင်းပြတ်သားသည့် တိုးတက်မှုကို ပြသနိုင်မည့် အဆိုပြုလွှာများကို တင်သွင်းရန် တိုက်တွန်းအားပေးပါသည်။

ငွေကုန်ရကျိုးနပ်မှု ဆိုင်ရာ လမ်းညွှန်ချက်များကို နောက်ဆက်တွဲ ၄ တွင် ကြည့်ပါ။

## နောက်ဆက်တွဲ ၂ - ရွေးချယ်မှုဆိုင်ရာ သတ်မှတ်ချက်များ

သုံးသပ်အကဲဖြတ်ရေး ကော်မတီ (Evaluation Committee – EC)သည် တင်သွင်းလာသည့် အဆိုပြုလွှာများအား အောက်ဖော်ပြပါ စိစစ်သုံးသပ်ရေး သတ်မှတ်ချက်များနှင့်အညီ သုံးသပ်အကဲဖြတ်မည်ဖြစ်သည်။ တင်သွင်း လျှောက်ထားသူများ သတိပြုရန်မှာ ဤသတ်မှတ်ချက်များသည် (က) အဆိုပြုလျှောက်ထားမှုတွင် အဓိက အလေးပေးရမည့် ကိစ္စရပ်များအား လျှောက်ထားသူမှ ရှင်းလင်းဖော်ပြထားမှု ရှိ/မရှိကို သိနိုင်ရန်၊ (ခ) အဆိုပြုလွှာများ အားလုံးကို သုံးသပ်အကဲဖြတ်နိုင်မည့် စံသတ်မှတ်ချက်များအား သတ်မှတ်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ အကယ်၍ အဆိုပြုလွှာ က အဓိက စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော်လည်း သဲကွဲခြင်းမရှိသည့် အချက်များ/ ပြတ်ပြတ်သားသားမရှိသည့် ရှင်းလင်းချက်များ ရှိခဲ့ပါက သို့မဟုတ် အသေးစိတ် ထပ်မံသိရှိလိုပါက LIFT ၏ သုံးသပ်အကဲဖြတ်ရေး ကော်မတီ က လျှောက်ထားသည့် အဖွဲ့အစည်းထံမှ ရှင်းလင်းချက် တောင်းခံမည်ဖြစ်သည်။

သုံးသပ်အကဲဖြတ်ရေးကော်မတီသည် အောက်ဖော်ပြပါအချက်များကို အခြေခံ၍ နောက်ဆုံးရလဒ်ကို ဆုံးဖြတ် မည်ဖြစ်သည်။

- **ပြီးပြည့်စုံမှု** - အဆိုပြုလွှာတွင် ဖော်ပြပါရှိသော သတင်းအချက်အလက်များသည် သုံးသပ်အကဲဖြတ်မှုများ လုပ်ဆောင်ရန်အတွက် လုံလောက်မှုရှိပါသလား။

- **ဆက်စပ်မှု** - ဖြေရှင်းရန် ပြဿနာ အဓိပ္ပါယ် သတ်မှတ်ချက်နှင့် စီမံကိန်း အကောင်အထည်ဖော်ရခြင်း နောက်ခံအကြောင်းတို့မှာ ရှင်းလင်းပြတ်သားပါသလား။ LIFT ၏ မဟာဗျူဟာနှင့် သက်ဆိုင်သည့် အရေးကြီးသည့် ကိစ္စရပ်များကို ဖြေရှင်းနိုင်သလား
- **အနေအထားဆန်းစစ်ချက်** - စီမံကိန်း အနေဖြင့် သက်ဆိုင်ရာ အကောင်အထည်ဖော်မည့် နေရာဒေသ၏ အခြေအနေနှင့် ပတ်သက်၍ ကောင်းစွာနားလည်သဘောပေါက်ခြင်းပေါ် အခြေခံပါသလား။
- **ပါဝင်ပတ်သက်သူ ဆန်းစစ်ချက်** - ပါဝင်ပတ်သက်သူ ဆန်းစစ်ချက် ရှိပါသလား၊ သတ်မှတ်ထားသည့် အုပ်စု နှင့်ပတ်သက်သည့် ရှင်းလင်းသည့် အဓိပ္ပါယ် သတ်မှတ်ချက်ရှိပါသလား။ စီမံကိန်း ရေးဆွဲခြင်း နှင့် စီမံကိန်းပုံစံ ပုံဖော်ခြင်း တွင် အဓိက ပါဝင်ပတ်သက်သူများက မည်သည့်အတိုင်းအတာအထိ ပါဝင်ပတ်သက် သို့မဟုတ် ပိုင်ဆိုင်မှု ရှိပါသနည်း။ စီမံကိန်းအနေဖြင့် အစိုးရ၊ အစိုးရမဟုတ်သည့် လှုပ်ရှားဆောင်ရွက်သူများ နှင့် ပုဂ္ဂလိက ကဏ္ဍတို့နှင့် မည်သို့မည်ပုံ လက်တွဲလုပ်ကိုင်မည်ကို ရှင်းရှင်းလင်းလင်း သတ်မှတ်ပြီး ဖြစ်ပါသလား။
- **စီမံကိန်းပုံစံ၏ ကျိုးကြောင်းဆက်စပ်မှု-** ရှင်းလင်းပြတ်သားသည့် လက်တွေ့ကျသော ရေရှည်ရလဒ် ရှိပါသလား။ စီမံကိန်းက မျှော်မှန်းထားသည့်ရလဒ်များကို ကောင်းမွန်စွာ ဖော်ထုတ်ပြီး တွေ့ရှိရမည့် ပြဿနာ/လိုအပ်ချက်များ နှင့် ဆီလျော်မှုရှိပါသလား။
- **ချဉ်းကပ်ပုံနှင့် နည်းလမ်းများ** - စီမံကိန်း၏ ချဉ်းကပ်ပုံနှင့် အသုံးပြုမည့်နည်းလမ်းများမှာ ဆန်းသစ်တီထွင်မှု၊ ဖြစ်နိုင်ခြေရှိမှု နှင့် သင့်လျော်မှုရှိပါသလား။ အသုံးပြုမည့်နည်းလမ်းများသည် ယခင်က အတွေ့အကြုံနှင့် အထောက်အထားများကို အခြေခံသည့် အသိပညာများအပေါ် မူတည်ထားခြင်းရှိပါသလား။ အကြံဉာဏ်က နည်းပညာပိုင်းဆိုင်ရာအရ ဖြစ်နိုင်ခြေရှိသလား၊ ဖော်ပြထားသည့် ရလဒ်များ ရယူနိုင်ခြေရှိသလား။ ကောင်းမွန်သည့်ဖွံ့ဖြိုးတိုးတက်ရေး အလေ့အထများနှင့် သင်ခန်းစာများ ပါဝင်ပါသလား။
- **လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ အခြေခံမူများ-** အဆိုပြုထားသည့် စီမံကိန်းက LIFT ၏ လုပ်ငန်းဆောင်ရွက်ခြင်း နှင့် MEAL မူဝါဒများနှင့် ကိုက်ညီမှုရှိပါသလား။ စီမံကိန်းက မူဝါဒများနှင့် ကိုက်ညီမှုရှိမရှိ စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးရန် မည်သို့ အဆိုပြုသနည်း။
- **ရေရှည်တည်တံ့မှု-** စီမံကိန်း က ရန်ပုံငွေထောက်ပံ့ထားသည့် ကာလအလွန် အဆိုပြုထားသည့် ရေရှည်ရလဒ်များနှင့် သက်ရောက်မှုများ ရေရှည်တည်တံ့မှု အတွက် နမူနာကောင်းအဖြစ် ပြသနိုင်ခြင်း ရှိပါသလား။ ဆုတ်ခွာမည့် ဗျူဟာ ထည့်သွင်းစဉ်းစားထားခြင်း ရှိပါသလား။
- **ကဏ္ဍစုံနှင့် ဆက်စပ်နေသည့် ကိစ္စရပ်များ** - သက်ဆိုင်သည့် ကျားမရေးရာ၊ အာဟာရ၊ ရွှေ့ပြောင်းသွားလာမှု နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားထားပါသလား။
- **ကျားမရေးရာ အလေးထားတုံ့ပြန်မှု** - အဆိုပြုလွှာက စီမံကိန်းတွင် ခိုင်မာပြတ်သားသည့် ကျားမရေးရာ နှင့် ဆက်စပ်မှု/ကျားမရေးရာ ဆိုင်ရာ စိန်ခေါ်မှု များနှင့် ပတ်သက်၍ အသိအမြင်ရှိမှု နှင့် နားလည်သဘောပေါက်မှု ကို ပြသနိုင်ပါသလား။ အဆိုပြုလွှာအနေဖြင့် အမျိုးသမီးများအား တန်းတူညီသည့် ပါဝင်သူများ နှင့် တန်းတူညီသည့် အကျိုးခံစားခွင့်ရှိသူများအဖြစ် ပါဝင်လာစေရန် မည်သည့်အတိုင်းအတာအထိ ကြိုးပမ်းထား သနည်း။ အဆိုပြုလွှာတွင် ပိုမိုကောင်းမွန်သည့် ကျားမညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေး အတွက် ဆောင်ရွက်ပေးရန် မည်သည့် အတိုင်းအတာအထိ စီစဉ်ထားသနည်း။ ကျားမရေးရာ ကိစ္စများကို ဖြေရှင်းရန်အတွက် မည်သို့ တိကျခိုင်မာသည့် နည်းလမ်းများကို အဆိုပြုထားသနည်း။ ကျားမညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေး တို့ ကို TOC တွင် ထည့်သွင်းထားပါသလား။ စီမံကိန်း အစတွင် ကျားမရေးရာ ဆန်းစစ်မှု ပြုလုပ်ရန် စီစဉ်ထားပါသလား။ စောင့်ကြည့်စစ်ဆေးခြင်း နှင့် အစီရင်ခံခြင်း စနစ်များ တွင် ကျားမရေးရာ အလေးထားတုံ့ပြန်မှု နှင့်/သို့မဟုတ် ကျားမရေးရာ သီးသန့် စံသတ်မှတ်ချက်များ အား ထည့်သွင်းထားပါသလား။ ကျားမရေးရာ အလေးထားတုံ့ပြန်မှု အတွက် တိကျသည့် လမ်းညွှန်မှုများ နှင့် အကဲဖြတ် သုံးသပ်ရန် စံသတ်မှတ်ချက်များအတွက် နောက်ဆက်တွဲ ၁ ကို ရည်ညွှန်းပါ။ လမ်းညွှန်မှုများအတွက် နောက်ဆက်တွဲ ၃ ကို ကြည့်ပါ။
- **ဖြစ်နိုင်ခြေရှိသည့်အန္တရာယ်များ** - အဆိုပြုလွှာတွင် အရေးပါသည် အဖွဲ့အစည်းတွင်း နှင့် ပြင်ပ ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များကို လုံလုံလောက်လောက် ထည့်သွင်းစဉ်းစားထားပါသလား။ ဖော်ပြထားသည့် စွန့်စားရနိုင်ခြေ လျော့နည်းရေး နည်းလမ်းများကို ရေးဆွဲထားပါသလား။

- **တာဝန်ခံမှု နှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်လေ့လာခြင်း နှင့် အကဲဖြတ်ခြင်း** - ToC နှင့် တိုင်းတာရေး မူဘောင်တို့ ပါဝင်ခြင်း ရှိမရှိနှင့် ယင်းတို့က စီမံကိန်း အမျိုးအစားနှင့် နယ်ပယ်နှင့် ကိုက်ညီသင့်လျော်မှု ရှိမရှိ။
- **သင်ယူလေ့လာခြင်း နှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှု** - စီမံကိန်းတွင် အထောက်အထား အခြေခံ အသိပညာဗဟုသုတ နှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှု တို့ကို ထောက်ကူပေးနိုင်သည့် ဆောင်ရွက်ချက်များ ပါဝင်သလား။
- **စွမ်းဆောင်ရည်-** အဆိုပြုထားသည့် အကောင်အထည်ဖော်မည့် အဖွဲ့အစည်း နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့များ တွင် စီမံကိန်း အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် စွမ်းဆောင်ရည် ပိုင်ဆိုင်ထားပါသလား။
- **မိတ်ဖက်ပြုဆောင်ရွက်မှုများ** - အဆိုပြုလွှာတွင်မည်သို့သော မိတ်ဖက်ပြုဆောင်ရွက်မှုများကို ကြိုတင်စီမံထားပါသလဲ။ ပါဝင်ပတ်သက်သူများနှင့် မိတ်ဖက်ပြုထားသည့် အဖွဲ့အစည်းများကြား စီမံအုပ်ချုပ်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုစနစ် က သင့်တော်ပါရဲ့လား။ မိတ်ဖက်ခွဲများ အခန်းကဏ္ဍနှင့် ပါဝင်ပတ်သက်မှုက ရှင်းလင်း တိကျမှု ရှိပါသလား။ ဒေသခံမိတ်ဖက်အဖွဲ့များ အနေဖြင့် စီမံကိန်း အကောင်အထည်ဖော်ခြင်းမှတဆင့် အဖွဲ့အစည်းများ ဆိုင်ရာ၊ အဖွဲ့အစည်းတစ်ခုချင်း၏ ဖွဲ့စည်းပုံနှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ တိုးမြှင့်နိုင်ခြေ ရှိသလား။ အဆိုပြုလွှာများ အကဲဖြတ်သုံးသပ်ရာတွင် မိတ်ဖက်ပြုဆောင်ရွက်ခြင်း အရည်အသွေးမှာ အဓိက စဉ်းစားရသည့် အချက်တစ်ချက် ဖြစ်ပါသည်။ လျှောက်ထားသူများအနေဖြင့် ၎င်းတို့ အဖွဲ့အစည်းနှင့် အဆိုပြုထားသည့် မိတ်ဖက်အဖွဲ့များတွင် သက်ဆိုင်ရာ ကျွမ်းကျင်မှုများ ပိုင်ဆိုင်ကြောင်း ပြသနိုင်ရမည်။ အဆိုပြုလွှာတင်သည့် အဆင့်တွင် စီမံကိန်းများတွင် ပါဝင်ပတ်သက်နေသူ မိတ်ဖက်များအားလုံး အနေဖြင့် အဆိုပြုလွှာ၊ ပါဝင်သည့် အကြောင်းအရာများ နှင့် ၎င်းတို့၏ သီးသန့် တာဝန်ဝတ္တရားများ ကို နားလည်သဘောပေါက်ထားပြီး ပဏာမ သဘောတူညီချက် (ဘဏ္ဍာရေးနှင့် နည်းပညာ) ရှိထားရန် အရေးကြီးသည်။ ထို့ပြင် လျှောက်ထားသူများ အနေဖြင့် LIFT၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက် များနှင့် အညီ သွယ်ဝိုက်ကုန်ကျ စရိတ်များအား ၎င်းတို့၏ မိတ်ဖက်ခွဲများနှင့်အတူ မျှခံစေရမည်ကိုလည်း ထည့်သွင်းစဉ်းစား ရန်လိုသည်။ LIFT အနေဖြင့် ဒေသခံ အဖွဲ့အစည်း တည်ဆောက်ပုံ နှင့် အရေးပါသည့် အစိုးရ၊ လက်နက်ကိုင် အုပ်စုများ နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်း ပါဝင်ပတ်သက်သူများ အပါအဝင် စီမံကိန်းအခြေအနေကို လုံလောက်စွာ နားလည်သဘောပေါက်ကြောင်း ပြသနိုင်သည့် မိတ်ဖက် များကို ဦးစားပေးမည်ဖြစ်သည်။

  ရွေးချယ်ထားသည့် မိတ်ဖက်များသည့် သက်ဆိုင်ရာ ဒေသခံ ပါဝင်ပတ်သက်သူများ နှင့် ယုံကြည်ရသည့် ဆက်ဆံရေးများ တည်ဆောက်ထားပြီး ဖြစ်ရမည်။ ထို့ပြင် ရွေးချယ်ခံရသည့် မိတ်ဖက်များအနေဖြင့် သက်ဆိုင်ရာ ဒေသခံ ပါဝင်ပါတ်သက်သူများ နှင့် ယုံကြည်ရသည့် ဆက်ဆံရေးမျိုး တည်ဆောက်ပြီး ဖြစ်ကောင်း ဖြစ်နိုင်သလို တရားဝင် ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ နယ်မြေခံ အဖွဲ့အစည်းများက ထောက်ခံသည့် အကျိုးဖြစ်စေမည့် ဆောင်ရွက်ချက်များလည်း ဆောင်ရွက်လျက် ရှိနေနိုင်ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့၏အဖွဲ့အစည်းဆိုင်ရာ မူဝါဒတွင်သာမက လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ချဉ်းကပ်နည်းလမ်း တွင်ပါ ကျားမရေးရာ အလေးထားတုံ့ပြန်မှုကို ထည့်သွင်းစဉ်းစားထားရန်သည်။

- **လျာထားကုန်ကျစရိတ်** - လျာထားကုန်ကျစရိတ်အနေဖြင့် အထူးသဖြင့် မျှော်မှန်းထားသည့် ရလဒ်များနှင့် ပတ်သက်၍ စီမံကိန်းအတွက် မျှတသည့်တန်ဖိုးငွေကြေး ရရှိနိုင်မှုကို ပြသနိုင်ပါသလား။ လျာထား ကုန်ကျစရိတ် တွင် စောင့်ကြည့်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း၊ လေ့ကျင့်သင်ကြားခြင်း နှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း တို့အတွက် လုံလောက်စွာ သီးသန့် သတ်မှတ်ထားခြင်း ရှိပါသလား။ လျာထား ကုန်ကျစရိတ်က လုပ်ငန်းစီမံချက် နှင့် ToC တို့နှင့် လိုက်လျောညီထွေမှု ရှိပါသလား။ ဒေသခံ မိတ်ဖက်များ က သွယ်ဝိုက် ကုန်ကျစရိတ်ဝေစုများ ရရှိပါသလား။ ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ လမ်းညွှန်များကို နောက်ဆက်တွဲ ၄ တွင် ကြည့်ပါ။

<u>နောက်ဆက်တွဲ ၃- ကျားမရေးရာ အလေးထားတုံ့ပြန်မှုဆိုင်ရာ လမ်းညွှန်ချက်များ</u>

၁။ LIFT သို့ တင်ပြသည့် အဆိုပြုလွှာများ မည်သည့်အတွက်ကြောင့် ကျားမရေးရာ အလေးထားတုံ့ပြန်မှု ပါသင့်သနည်း။

LIFT က ယင်း၏ စီမံကိန်းများ နှင့် စီမံကိန်းများအားလုံးတွင် ပိုမိုကောင်းမွန်သည့် ကျားမတန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေး အတွက် အားပေးကူညီရန် ခိုင်မာအားကောင်းစွာ တစိုက်မတ်မတ် ဆောင်ရွက်လျက် ရှိသည်။

- ရင်းမြစ်များအား အမျိုးသမီးများ လက်လှမ်းမီနိုင်မှု နှင့် စီမံထိန်းချုပ်နိုင်မှု တိုးမြှင့်ရန်
- ဆုံးဖြတ်ချက်ချခြင်းများတွင် အမျိုးသမီးများ ပါဝင်မှု တိုးမြှင့်ရန်
- အမျိုးသမီးများ၏ အသိပညာဗဟုသုတ နှင့် ကျွမ်းကျင်မှုများ တိုးမြှင့်ရန် နှင့်
- အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာလုံခြုံမှုဆိုင်ရာ မူဝါဒ များတွင် ကျားမရေးရာ အာရုံစိုက်မှု ကို တိုးမြှင့်ရန်[၂၄]

ထို ပန်းတိုင်များ ရယူအောင်မြင်နိုင်ရန် အရေးကြီးသည့် ခြေလှမ်းမှာ စီမံကိန်းများ ရေးဆွဲပြင်ဆင်ခြင်း တွင် ကျားမရေးရာ အလေးထားတုံ့ပြန်မှုကို ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်။

**၂။ LIFT အတွက် ကျားမ အလေးထားတုံ့ပြန်မှုက မည်သည့်အဓိပ္ပါယ်ရသနည်း။**

ကျားမအလေးထားတုံ့ပြန်မှု ဆိုသည်မှာ လုပ်ဆောင်မှုတိုင်းနှင့် လုပ်ငန်းစဉ်တိုင်းတွင် ၊ ကျားမရေးရာ စံများနှင့် အခန်း ကဏ္ဍများ နှင့် ရင်းမြစ်များကို လက်လှမ်းမီမှု၊ ထိန်းချုပ်နိုင်မှု တို့အပေါ် ကျားမရေးရာ ၏ သက်ရောက်မှုကို ထည့်သွင်း စဉ်းစားပြီး ဖြေရှင်းဆောင်ရွက်ခြင်းကို ဆိုလိုသည်။ ကျားမ အလေးထားတုံ့ပြန်မှုကို အကဲဖြတ်ရန် အကြံပြုထားသည့် လမ်းညွှန်မေးခွန်းများမှာ-

- **ကြုံတွေ့ဆဲ ကျားမရေးရာ မညီမျှမှုများကို ဖြေရှင်းနိုင်ရန် အဆိုပြုလွှာက မည်သို့ကြိုးစားမည်နည်း**
- **အဆိုပြုလွှာတွင် စီစဉ်ထားသည့် အကျိုးရှိစေမည့် ဆောင်ရွက်ချက်များအဖြစ် အမျိုးသမီးများအား တန်းတူညီသည့် ပါဝင်သူများ နှင့် တန်းတူညီသည့် အကျိုးခံစားခွင့်ရှိသူများအဖြစ် ပါဝင်လာစေရန် မည်သည့်အတိုင်းအတာအထိ ကြိုးပမ်းထားသနည်း။**

စီမံကိန်းများတွင် ကျားမအရေအတွက် ပါဝင်မှုမျိုးကိုသာမက တန်းတူညီမျှ ပါဝင်မှုကိုပါ အဆိုပြုရန် ကြိုးပမ်း အားထုတ်သင့်ပါသည်။ တန်းတူညီမျှ ပါဝင်မှုကို ဆန်းစစ်ရန်မှာ အမျိုးသမီးနှင့် အမျိုးသား အကျိုးခံစားခွင့်ရှိသူများ ဦးရေကို ရေတွက်ရုံမျှထက် ပိုမိုခက်ခဲပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် တိကျသည့် အထောက်အကူပေးရေး ဆောင်ရွက်ချက်များ လိုအပ်ပါသည်။

**၃။ LIFT သို့တင်ပြသည့် အဆိုပြုလွှာများတွင် မည်သည့်အပိုင်းက ကျားမ အလေးထားတုံ့ပြန်မှု ပါဝင်ရန် လိုအပ်သနည်း။**

ကျားမ အလေးထားတုံ့ပြန်မှုကို စီမံကိန်းများ နှင့် စီမံကိန်းများ၏ အဆင့်အားလုံးတွင် ရောယှက်ထည့်သွင်းသင့်ပါသည်။ စီမံကိန်း အဆိုပြုလွှာတိုင်းတွင် ကျားမရေးရာနှင့်ပတ်သက်သည့် မဖြစ်မနေပါဝင်ရမည့် ကဏ္ဍ မှာ "ဤစီမံကိန်းတွင် ကျားမရေးရာကို မည်သို့ ထည့်သွင်းစဉ်းစားထားသနည်း...." ဆိုသည့် မေးခွန်းကို ဖြေရှင်းပြခြင်းဖြစ်သည်။ ဤတွင် အဆိုပြုလွှာ က ကျားမရေးရာ အလေးထားတုံ့ပြန်မှု ကို ရှင်းပြပြီး LIFT ၏ ကျားမရေးရာ မဟာဗျူဟာနှင့် မည်သို့ ကိုက်ညီမှုရှိကြောင်းနှင့် အထက်တွင် ဖော်ပြခဲ့သည့် LIFT ၏ ကျားမရေးရာ စီမံကိန်း ၄ ခု ၏ ရေရှည်ရလဒ်များကို အဆိုပြုထားသည့် အကျိုးရှိစေမည့် ဆောင်ရွက်ချက်များက မည်သို့ မည်ပုံ ပံ့ပိုးမည်ဖြစ်ကြောင်း ရှင်းပြရမည်ဖြစ်သည်။

စီမံကိန်း၏ ကျားမရေးရာ ဆိုင်ရာ ပန်းတိုင်များနှင့် ရေရှည်ရလဒ်များ ထင်ဟပ်စေရန်အတွက် စီမံကိန်း၏ ToC တွင် ကျားမရေးရာကိစ္စ ကို အကျယ်တဝင့် ရှင်းလင်းဖော်ပြရန်လိုသည်။

**၄။ စီမံကိန်း လျာထားကုန်ကျစရိတ်၏ မည်သည့် အစိတ်အပိုင်းကို ကျားမတန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေး အတွက် ခွဲဝေသတ်မှတ်ရမည်နည်း။**

ကျားမရေးရာ လျာထားကုန်ကျစရိတ်ပုံစံများမှာ LIFT၏ ကျားမရေးရာ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေး မဟာဗျူဟာ ၏ အရေးပါသည့် အစိတ်အပိုင်းဖြစ်သည်။ **အဆိုပြုလွှာများတွင် စီမံကိန်း**

**ကုန်ကျစရိတ် ၏ အနည်းဆုံး ၂၀% ကို ထိုဦးတည်ချက်များ အောင်မြင်အောင် ပံ့ပိုးကူညီပေးမည့် ဆောင်ရွက်ချက်များ အတွက် လျာထားရပါမည်။** ဤ ရည်မှန်းချက်နှင့် ပတ်သက်သည့် တိကျသည့် လုပ်ငန်းဆောင်ရွက်ချက်များ နှင့် ကုန်ကျစရိတ်များ နှင့်ပတ်သက်သည့် အစီရင်ခံခြင်းကို နစ်ဝက်နှင့် နစ်စဉ် တိုးတက်မှုအစီရင်ခံစာများတွင် ထည့်သွင်းရပါမည်။

## နောက်ဆက်တွဲ ၄။ တန်ဖိုးငွေကြေးမျှတမှု ဆိုင်ရာ လမ်းညွှန်

သုံးသပ်အကဲဖြတ်ရေး ကော်မတီက အဆိုပြုလွှာ၏ ချဉ်းကပ်နည်းလမ်းတွင် ငွေကုန်ရကျိုးနပ်မှု ရှိမရှိ (ဥပမာ- ကုန်ကျစရိတ် အခြေခံစံနှုန်းများ၊ ထိရောက်မှု နှင့် အခြား ချဉ်းကပ်နည်းလမ်းများ)၊ အဆိုပြုလွှာက ငွေကုန်ရကျိုးနပ်မှုကို ကိုယ်စားပြုခြင်းရှိမရှိ နှင့် ဆန်းစစ်အကဲဖြတ်မှု ပြုလုပ်ရန်အတွက် ဆောင်ရွက်ရန် လိုမလို တို့ကို အကဲဖြတ်ရန် အတွက် အောက်တွင် ဖော်ပြထားသည့် သတ်မှတ်ချက်များ ကိုအသုံးပြုမည်ဖြစ်သည်။ လျှောက်ထားသည့်အဖွဲ့အစည်းများ အနေဖြင့် အချို့ အကြောင်းအချက်များက အကျုံးဝင်ခြင်းမရှိဟု သတ်မှတ်လျှင် မှတ်သားဖော်ပြပြီး ဖြေရှင်းချက်ရေးသားတင်ပြ သင့်ပါသည်။

| | |
|---|---|
| **ငွေကုန်ရကျိုးနပ်မှု သတ်မှတ်ချက်** | စီမံကိန်း အဆိုပြုလွှာတွင် ငွေကုန်ရကျိုးနပ်မှု ရရှိရန် သို့မဟုတ် ကိုယ်စားပြုရန် သို့မဟုတ် (စီမံကိန်းတစ်ခုလုံး သို့ စီမံကိန်း၏ သီးသန့်အစိတ်အပိုင်းတစ်ခုအတွက်) ရင်းနှီးမြှုပ်နှံ မှုပေါ်တွင် ပြန်ရရန် မျှော်မှန်းထားသည့်အရာများ ကို ရှင်းလင်း ဖော်ပြရမည်ဖြစ်သည်<br><br>*ဥပမာ- စီမံကိန်းက ကုန်ကျစရိတ်-အကျိုးအမြတ် ဆန်းစစ်ချက် ပြုလုပ်မည်လား။ ပွင့်လင်းမြင်သာသည့် ဝယ်ယူရေး လုပ်ထုံးလုပ်နည်းများ ရှိပြီးဖြစ်သလား။ စီမံကိန်းအတွက် တင်ပြဖြေရှင်းရန်ကိစ္စ အဖြစ်သတ်မှတ်ရန် စိတ်ချယုံကြည်ရသည့် အခြေခံစံနှုန်း သို့မဟုတ် ထိရောက်သည့်ကုန်ကျစရိတ် အချက်အလက် တို့ ကို တင်ပြပြီးပြီလား။* |
| **အခြား ချဉ်းကပ်ဖြေရှင်း နည်းလမ်းများ** | စီမံကိန်း ချဉ်းကပ်ဖြေရှင်းနည်းလမ်းက အခြားချဉ်းကပ်နည်းလမ်းများ နှင့် ယှဉ်လျှင် ပိုမိုကောင်းမွန်သည့် ငွေကုန်ရကျိုးနပ်မှုကို ပြသသည်။ (ဖြစ်နိုင်သည့်နေရာမှန်သမျှ တွင် စံနှုန်းများသတ်မှတ်ရန်)<br><br>*အခြားချဉ်းကပ်ဖြေရှင်းနည်းလမ်းများ ဖော်ပြထားသလား သို့မဟုတ် သီးသန့်ဖြစ်သည့် ချဉ်းကပ်ဖြေရှင်းနည်းလမ်းများ ရွေးချယ်ရသည့် အကြောင်းကို တိကျသည့် ရှင်းလင်းချက်ပေးပြီး ဖြစ်သလား။ အခြားချဉ်းကပ်ဖြေရှင်း နည်းလမ်းများ ဆိုင်ရာ မျှော်မှန်းထားသည့် ရလဒ်များ နှင့် ဘဏ္ဍာရေးဆိုင်ရာ ကုန်ကျစရိတ်များကို ထည့်သွင်းစဉ်းစားပြီးဖြစ်သလား။* |
| **အားကောင်းသည့် စီမံကိန်းပုံစံ** | စီမံကိန်းသည် ဦးတည်ချက်များ အောင်မြင်နိုင်စေရန် သေချာစဉ်းစားရေးဆွဲထားသည့် စီမံကိန်းပုံစံဖြစ်သည်။<br><br>*ဥပမာ- စီမံကိန်းပုံစံတွင် စီမံကိန်းနှင့် ထိရောက်သည့် အောင်မြင်ပြီးစီးမှုမဟာဗျူဟာများ၊ လုပ်ဆောင်ချက်များ မြှင့်တင်ရန် သို့မဟုတ် ဖြန့်ဝေရန် ဆန်းသစ်တီထွင်သည့် ချဉ်းကပ်မှုနည်းလမ်းများ၊ အလားအလာကောင်းသည့် နည်းပညာများ နှင့် အောင်မြင်ပြီးစီးမှု ပုံစံ၊ စသဖြင့်တို့ကို အသေးစိတ် သုံးသပ်ချက် ပါဝင်ရပါမည်။* |
| **လျာထားကုန်ကျစရိတ် လိုက်လျောညီထွေ ရှိမှု** | စီမံကိန်း လျာထားကုန်ကျစရိတ်နှင့် ရေတိုရလဒ်များ ကို တန်ဖိုးငွေကြေးမျှတမှု ရောက်ရှိနိုင်မှု/ရလဒ်ရရှိမှုကို အလွယ်တကူ ဆန်းစစ်အကဲဖြတ်နိုင်ရန် ချိန်ညှိစီစဉ်ပေးရမည်။ |

| | |
|---|---|
| | လျာထားကုန်ကျစရိတ် ပုံစံများ ရေးဆွဲရာတွင် ငွေကုန်ရကျိုးနပ်မှုကို တွက်ချက်နိုင်ရန် အခြေခံ၍ စီမံကိန်းအစိတ်အပိုင်းများ နှင့် လိုက်လျောညီထွေရှိစေရန် ချိန်ညှိရမည် (ဥပမာ 'စီမံကိန်း ရေရှည်ရလဒ်')။ လိုအပ်ပါက အစိတ်အပိုင်းလိုက် အသုံးစရိတ်စောင့်ကြည့်စစ်ဆေး နိုင်ရန် အတွက် လျာထားကုန်ကျစရိတ်ကို မည်သည့်အဆင့်ထိ အသေးစိတ် သတ်မှတ်ထားသနည်း။ |
| **အချက်အလက် များ စုဆောင်းခြင်း (စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း)** | LIFT ၏ လုပ်ငန်းစဉ် မူဘောင်၊ ဒေသဆိုင်ရာ၊ စီမံကိန်း ToC/ရလဒ်များ မူဘောင်များ ကို ရည်ညွှန်း၍ ငွေကုန်ရကျိုးနပ်မှု ဆန်းစစ်နိုင်ရန်အတွက် စီမံကိန်း စောင့်ကြည့်စစ်ဆေးခြင်း နှင့် သုံးသပ် အကဲဖြတ်ခြင်းစနစ် (ညွှန်းကိန်းများ နှင့် အချက်အလက်စုဆောင်းခြင်း အစီအစဉ်များ) ကို ဖွဲ့စည်းတည်ဆောက်ရမည်။<br><br>*လက်ငင်းအကျိုးရလဒ်များနှင့် ယင်းရလဒ်များရရှိစေရန် ပံ့ပိုးသည့် လုပ်ငန်းများ အတွက် လျာထားသည့်ကုန်ကျစရိတ်များ သတ်မှတ်ရန် ဖြစ်နိုင်ပါသလား။ စီမံကိန်းက အချက်အလက် စုဆောင်းခြင်း အစီအစဉ်များ သတ်မှတ်သလား။ ရေရှည်ရလဒ်များ၏ အထိုက်တန်ဆုံးတန်ဖိုး ကို သုံးသပ်ရန် အတွက် တိုင်းတာ၍ ရသည့် ညွှန်းကိန်းများ ရှိသလား။ လက်ငင်းအကျိုးရလဒ်များနှင့် ယင်းရလဒ်များ ရရှိစေရန် ပံ့ပိုးသည့် လုပ်ငန်းများ အတွက် လျာထားသည့်ကုန်ကျစရိတ်များ သတ်မှတ်ရန် ဖြစ်နိုင်ပါသလား။* |
| **ရေရှည် အကျိုးအမြတ်များ** | စီမံကိန်းက ရေရှည်တည်တံ့ရန်၊ ပုံစံတူကူးရန် နှင့်/သို့မဟုတ် အရွယ်အစား ပြောင်းလဲရန် (သို့မဟုတ် မူဝါဒ အပေါ်ထင်ရှားသည့် သက်ရောက်မှု ရှိစေရန်)<br><br>အဆိုပြုလွှာက စီမံကိန်းဒီဇိုင်းတွင် ထိုအချက်များကို ရည်ညွှန်းထားပါသလား။ ဥပမာ- စရိတ်ပြန်လည်ရယူရန် နည်းလမ်းများ ရှိသလား၊ ပုံစံတူကူးရန် ပြည့်စုံလုံလောက်သည့် စာရွက်စာတမ်းအထောက်အထား စီစဉ်ဆောင်ရွက်မှုများ ရှိသလား၊ လွှမ်းမိုးမှု ရှိစေမည့် မူဝါဒအတွက် အစီအစဉ်ပြင်ဆင်ထားခြင်း ရှိသလား။ တွဲစပ်ထားသည့် အကျိုးရှိစေမည့် ဆောင်ရွက်ချက်များက ကောင်းမွန်စွာ ပုံစံထုတ်ထားခြင်း ရှိသလား၊ အောင်မြင်နိုင်ခြေ ရှိသလား။ ရေရှည်တည်တံ့သည့် စီမံကိန်းများ (ဥပမာ ရန်ပုံငွေ ရပ်ဆိုင်းသွားပြီးနောက် ဆက်လက်လုပ်ဆောင်နေသည့် လုပ်ငန်းများ) က ငွေကုန်ရကျိုးနပ်မှု သုံးသပ်ချက်တွင် မပါဝင်တော့သော်လည်း အကျိုးအမြတ်များ ဆက်လက် ရရှိနေမည် ဖြစ်သည်။ အလားတူပင် ပုံစံတူကူးယူနိုင်သည့် သို့မဟုတ် အရွယ်အစား ပြောင်းလဲနိုင်သည့် စီမံကိန်းများအနေဖြင့် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်သည့် အခြား စီမံကိန်းများ၏ ပုံစံ အချက်အလက်ရရှိပါက ပိုမိုကောင်းမွန်သည့် အကျိုးအမြတ်များ ကို ဖော်ဆောင်နိုင်ရန် အလားအလာလည်း ရှိနိုင်ပါသည်။ |

Footnote များ

၁။ LIFT ၏လုပ်ငန်းဆောင်ရွက်ခြင်းမှုဆိုင်ရာလမ်းညွှန်မှုများမှ "အရည်အချင်းပြည့်မီသည့် အကောင်အထည်ဖော်ဖက် အဖွဲ့အစည်းများ တွင် မြန်မာနိုင်ငံအစိုးရ၊ နိုင်ငံတကာ နှင့် ပြည်တွင်း အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ နှင့် အခြား နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ သို့ သုတေသနအဖွဲ့အစည်း နှင့် ပုဂ္ဂလိက ကဏ္ဍမှ ကုမ္ပဏီများ ပါဝင်ပါသည်။" http://www.lift-fund.org/guidelines

၂။ မက်ကင်စီ ဂလိုဘယ်လ် အင်စတီကျူ (၂၀၁၃)- မြန်မာ၏ တခဏတာများ- ထူးခြားသည့် အခွင့်အလမ်းများ၊ အရေးကြီးသည့် စိန်ခေါ်မှုများ၊ စင်္ကာပူ

၃။ ဒိုဘာမန်န်း၊ တီ (၂၀၁၇) မြန်မာ၏ အစွန်အဖျား ဒေသများကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ နိုင်ငံတကာ တိုးတက်ဖွံ့ဖြိုးမှု ဗဟိုဌာန၊ လန်ဒန်

၄။ မက်ကင်န်စီ ဂလိုဘယ်လ် အင်စတီကျူ (၂၀၁၃)- မြန်မာ၏ တခဏတာများ- ထူးခြားသည့် အခွင့်အလမ်းများ၊ အရေးကြီးသည့် စိန်ခေါ်မှုများ၊ စင်္ကာပူ

၅။ ဘိုထရီ၊ အမ် နှင့် အခြားသူများ (၂၀၁၆) ရန်ကုန်မြို့ပြ နှင့် အနီးတဝိုက် ရှိ မြေယာ ရွှေ့လျားပြောင်းလဲမှုအားများ နှင့် အသက်မွေးဝမ်း

ကျောင်းမှုများ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့, ရန်ကုန်
၆။ ဆွီ၊ ဒဗလျူ (၂၀၁၆) မြန်မာ နိုးထခြင်း- စက်မှု နှင့် အထူးစီးပွားရေးဇုန်များ၊ အိတ်ချ်ကေတီဒီစီ သုတေသန၊ ဟောင်ကောင်
၇။ မြန်မာ နိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (၂၀၁၈)၊ စက်ရုံအချက်အလက်၊
http://www.myanmargarments.org/events- news/factory-zones/ တွင်ရယူနိုင်ပါသည်။
၈။ အိုင်အယ်လ်အို (၂၀၁၆)၊ မြန်မာ ၏ အခြေတည်စဖြစ်သည့် အထည်ချုပ်ကဏ္ဍ၏ အလုပ်အကိုင် နှင့် လုပ်ခလစာများ၊ ရန်ကုန်
၉။ ဘာန်းဟာ့ဒ်၊တီ၊ ဒေး၊ အက်စ်၊ကေ နှင့် သီတာ၊ အမ်မ်၊ ဒဗလျူ (၂၀၁၇) မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာ ကိစ္စရပ်များကို စီးပွားရေးလုပ်ငန်းများ ရှုထောင့်မှ ရှုမြင်ခြင်း၊ စားသောက်ကုန်ထုတ်လုပ်ရေး လုပ်ငန်း နှင့် အထည်ချုပ်လုပ်ငန်း များ အပေါ် ကောက်ယူခဲ့သည့် စစ်တမ်းမှ တွေ့ရှိချက်များ
၁၀။ အိုင်အယ်လ်အို (၂၀၁၆) မြန်မာ ၏ အခြေတည်စဖြစ်သည့် အထည်ချုပ်ကဏ္ဍ၏ အလုပ်အကိုင် နှင့် လုပ်ခလစာများ၊ ရန်ကုန်
၁၁။ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့ (Save the Children) (၂၀၁၆)၊ အကြွေးပေါ်မီတည်နေရသည့် ဘဝများ- ရန်ကုန်မြို့ ရှိ အလွန်အမင်းဆင်းရဲချို့တဲ့ခြင်း၊ ရန်ကုန်
၁၂။ အိုင်အယ်လ်အို (၂၀၁၆) မြန်မာ ၏ အခြေတည်စဖြစ်သည့် အထည်ချုပ်ကဏ္ဍ၏ အလုပ်အကိုင် နှင့် လုပ်ခလစာများ၊ ရန်ကုန်
၁၃။ ရိုဂိုဇင်၊ ကေ နှင့် အေး၊တီ၊အိတ်ချ်(၂၀၁၅) မြန်မာနိုင်ငံတွင် ပြည်တွင်းအလုပ်သမားရွှေ့ပြောင်းလုပ်ကိုင်ခြင်း- ရွှေ့ပြောင်းသွားလာခြင်း၊ လူကုန်ကူးခြင်း နှင့် အဓမ္မစေခိုင်းခြင်း၊ အိုင်အယ်လ်အို၊ ရန်ကုန်
၁၄။ ဆွီ၊ ဒဗလျူ (၂၀၁၆) မြန်မာ နိုးထခြင်း- စက်မှု နှင့် အထူးစီးပွားရေးဇုန်များ၊ အိတ်ချ်ကေတီဒီစီ သုတေသန၊ ဟောင်ကောင်
၁၅။ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့ (Save the Children) (၂၀၁၆)၊ အကြွေးပေါ်မီတည်နေရသည့် ဘဝများ- ရန်ကုန်မြို့ ရှိ အလွန်အမင်းဆင်းရဲချို့တဲ့ခြင်း၊ ရန်ကုန်
၁၆။ အောက်စဖို့ဒ် စီးပွားရေး အုပ်စု (၂၀၁၇) ခရီးသွားကဏ္ဍ၏ လူသားရင်းမြစ် လျော့နည်းခြင်းကို ဖြေရှင်းနိုင်သည့် မြန်မာနိုင်ငံရှိ သင်ကြားရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ လန်ဒန်
၁၇။ အောက်စဖို့ဒ် စီးပွားရေး အုပ်စု (၂၀၁၉) မြန်မာနိုင်ငံ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည့် ရင်းနှီးမြှုပ်နှံမှု မက်လုံးများ၊ လန်ဒန်
၁၈။ တာလီကော်စကီး၊ အယ်လ် နှင့် ဂျီလီယတ်၊ အက်စ်(၂၀၀၅) ရန်ကုန် အမျိုးသမီးလိင်လုပ်ငန်း၊ လိင်ကျန်းမာရေး
၁၉။ အမျိုးသမီးများ လူကုန်ကူးခံရမှုဆန့်ကျင်သည့် ကမ္ဘာလုံးဆိုင်ရာ မဟာမိတ်အဖွဲ့ (၂၀၁၈) ပြောင်းလဲရန်ကြိုးပမ်းနေသည့် လိင်လုပ်သားများ- ကိုယ်တိုင် ကိုယ်စားပြုမှု၊ ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ခြင်း နှင့် လုပ်ငန်းခွင်အခြေအနေများ၊ ဘန် ကောက်
၂၀။ ဝါတာအိတ်ဒ် (၂၀၁၆)၊ အထည်ချုပ်စက်ရုံအလုပ်သမားများ၏ စားဝတ်နေရေးအခြေအနေများ
၂၁။ ဝါတာအိတ်ဒ် (၂၀၁၆)၊ အထည်ချုပ်စက်ရုံအလုပ်သမားများ၏ စားဝတ်နေရေးအခြေအနေများ
၂၂။ ဂိုဒက်တ်၊ အက်စ်(၂၀၁၉) မြို့ပြနှင့် အနီးတဝိုက်နေရာဒေသများရှိ အမျိုးသမီးငယ်များ၏ စားနပ်ရိက္ခာဖူလုံမှု အဆင့်အတန်း နှင့် ကြုံတွေ့နိုင်ခြေရှိသည့် အန္တရာယ်များ
၂၃။ LIFT ယခင်က အသုံးပြုခဲ့သည့် လုပ်ငန်းစဉ်မူဘောင် ကို တိုင်းတာရေး စီမံချက်ဖြင့် အစားထိုးပြီး စီမံကိန်း ရေရှည်အကျိုး ရလဒ်များ၊ လက်ငင်းရလဒ်များ၊ ညွှန်းကိန်းများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်မှတ်တိုင်များ နှင့် အတည်ပြုခြင်းနည်းလမ်း များကို ဖော်ထုတ် သတ်မှတ်ထားပါသည်။ LIFT ၏ အင်တာနက်ဝက်ဘက်ဆိုဒ်ပေါ်ရှိ MEAL လမ်းညွှန်မှုများတွင် ပုံစံ ရယူနိုင်ပါသည်။
၂၄။ LIFT ၏ ကျားမရေးရာ မဟာဗျူဟာ https://www.lift-fund.org/sites/lift-fund.org/files/uploads/Guidelines/LIFTGenderStrategy_Jan201 7_FINAL.pdf

*မှတ်ချက်။ ။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် အဆိုပြုလွှာခေါ်ယူမှုကို မြန်မာဘာသာသို့ ပြန်ဆိုပေးထားခြင်းဖြစ်ပါသည်။ ကွဲလွဲမှုတစုံတရာရှိခဲ့ပါလျှင် မူရင်းအင်္ဂလိပ်ဘာသာကိုသာ ရည်ညွှန်းရမည်ဖြစ်သည်။*